# Comparative Studies

## Constitution of

## the Republic of the

## Union of Myanmar

(2008)

## ပြည်ထောင်စုသမတမြန်မာနိုင်ငံတော်

## ဖွဲ့စည်းပုံအခြေခံဥပဒေ

(၂၀၀၈ ခုနှစ်)

## နှိုင်းယှဉ်ချက်များ

# Comparative Studies

## Constitution of

## the Republic of the

## Union of Myanmar

(2008)

## ပြည်ထောင်စုသမတမြန်မာနိုင်ငံတော်

## ဖွဲ့စည်းပုံအခြေခံဥပဒေ

(၂၀၀၈ ခုနှစ်)

## နှိုင်းယှဉ်ချက်များ



PEACEFUL CO-EXISTENCE:
rds Federal Union of Burma
[Series No. 10]
ESIGNING FEDERAL
IN BURMA
Edited by:
David C. Williams
&
Lian H. Sakhong
FEDERALISM
STATE CONSTITUTIONS
AND
SELF-DETERMINATION IN BURMA
UNDERSTAN
PEACEBUILD
in the Context
BURMA
Run Pen Sakho
Constitution of the Republic of the
Union of Myanmar
(2008)
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဖွဲ့စည်းပုံအခြေခံဥပဒေ
(၂၀၀၈ ခုနှစ်)




# ဗိုလ်ချုပ်ကြီးသိန်းစိန်
# သဘာပတိ
# အမျိုးသားညီလာခံ ကျင်းပရေးကော်မတီ

# ပုံနှိပ်ခြင်း

ပထမအကြိမ်

၂၀၀၉ ခုနှစ် ၊ ဩဂုတ်လ

ဒုတိယအကြိမ်

၂၀၀၉ ခုနှစ် ၊ စက်တင်ဘာလ

# ပုံနှိပ်

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်

စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွင် ပုံနှိပ်သည်။

# တရားသူကြီးချုပ်ဦးအောင်တိုး၏အမှာ



ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ တိုင်းပြည်၏ အသက် ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုသည်မှာ တိုင်းပြည်၏ အခြေခံ အုတ်မြစ်လည်း ဖြစ်သည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေသည် ပြည်တွင်းစစ်မီးကို ပိုပြီးတောက်လောင်သွားစေနိုင်သကဲ့သို့နှစ်ပေါင်း ၆၀တောက်လောင်နေသော ပြည်တွင်းစစ်မီးကိုလည်း အကုန်အစင် ငြိမ်းသတ်ပေးနိုင်စွမ်းရှိပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံသားတဦးစီ တဦးစီတိုင်း၏ ကိုယ်ရေးလုံခြုံမှု၊ ဒီမိုကရေစီနှင့်လူ့အခွင့်အရေးတို့ကို အပြည့်အ၀ အာမခံနိုင်သည့်အနေအထားကို ဖန်တီးပေးနိုင်သကဲ့သို့နိုင်ငံသားတဦးစီ တဦးစီတိုင်း၏ ကံကြမ္မာကို လှုပ်လို့မရအောင် တုတ်နှောင်ချုပ်တည်းထားနိုင်စွမ်းလည်း ရှိပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံသားတိုင်းအတွက် အသက်တမျှအရေးကြီးသော အရာကိစ္စ ဖြစ်သည်ဟု နိုင်ငံသားတိုင်းက လေးနက်ကြရမည်ဖြစ်ပါသည်။

ထို့ကြောင့် ဤဖွဲ့စည်းပုံအခြေခံဥပဒေအတွက် အခြေခံမူများချမှတ်ခြင်း၊ ထိုအခြေခံမူများပေါ် မူတည်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း) ကိုရေးဆွဲခြင်း၊ ထိုရေးဆွဲထားသော (မူကြမ်း)အား လူထုထံ ချပြပြီး ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းတို့ကို အကြိမ်ကြိမ်အလီလီ ပြုလုပ်ခြင်းစသည့် ကိစ္စရပ်တိုင်းတွင် ပြည်သူတရပ်လုံးက လွတ်လပ်စွာပါဝင်ပြီး ဆောင်ရွက် ကြရပေလိမ့်မည်။ တနည်းဆိုရလျှင် ထို ဖြစ်စဉ်တိုင်းတွင် ပြည်သူများက တိုက်ရိုက်ပါဝင်၍ သော်လည်းကောင်း၊ ပြည်သူတို့မှ တာဝန်အပ်နှင်းထားသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် များက ပါဝင်၍ သော်လည်းကောင်း တိကျစွာ ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

ထိုသို့ဆောင်ရွက်ရာတွင်လည်း ပြည်သူလူထုကြီး၏ ဆန္ဒ၊ နိုင်ငံသားတဦးစီတိုင်း၏ ဆန္ဒနှင့် နိုင်ငံသား တဦးစီ တဦးစီတိုင်း၏ အကြံပြုချက်၊ ဖြည့်စွက် တင်ပြချက်တိုင်းကို အလေးအနက်ထား ဖြည့်ဆည်းပေါင်းစပ် ပေးကြရမည် ဖြစ်ပါသည်။ မည်သူ တဦးတယောက်ကမျှ အာဏာဖြင့် ထိန်းချုပ် ကာဆီးထားပိုင်ခွင့်မရှိပါ။

မိမိတို့၏ ကံကြမ္မာကို ပဲ့ကိုင်ထိန်းကျောင်းပေးမည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲရာတွင် လည်းကောင်း၊ ရေးဆွဲနိုင်ရန် အခြေခံမူများ ချမှတ်ရာတွင်လည်းကောင်း၊ ရေးဆွဲပြီးဖွဲ့စည်းပုံအား ပြန်လည် သုံးသပ်ပြီး မူချောပြုရာတွင်လည်းကောင်း မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော လူမျိုးပေါင်းစုံ ပြည်သူတရပ်လုံး၏ အကျိုးစီးပွားကို

တည့်မတ်စွာ မျက်နှာမူ၍ ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

သို့အတွက် ဘက်ပေါင်းစုံ လေ့လာခြင်း၊ နှိုင်းယှဉ်လေ့လာခြင်းများကို ဟာပေါက် ယိုပေါက်မရှိရအောင် အလေးအနက်ထား၍ ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

ပိုမို ပြည့်စုံသော၊ ပိုမို ကောင်းမွန်သော ဖွဲ့စည်းပုံ အခြေခံဥပဒေတရပ် ပေါ်ပေါက် လာရေးအတွက် နှိုင်းယှဉ် လေ့လာ အကဲဖြတ်နိုင်စေရန် " ဖွဲ့စည်းပုံ အခြေခံဥပဒေ နှိုင်းယှဉ် လေ့လာရေး ကော်မတီ " မှ ရေးသားပြုစု တင်ပြထားသော ဤစာတမ်းငယ်အား နိုင်ငံသားတိုင်းက အလေးအနက်ထား၍ လေ့လာဖတ်ရှု စေလိုပါသည်။

နှိုင်းယှဉ် လေ့လာခြင်းဖြင့် အကောင်းဆုံးကို ရှာဖွေ ယူကြရမည် ဖြစ်ပါသည်။

အစကောင်းမှ အနှောင်းသေချာမှာ ဖြစ်ပါသည်။

အစမကောင်းခဲ့၍ သံသရာစင်ပါမှောက်သွားခဲ့ရသော အတိတ်ဖြစ်ရပ်များကို သင်ခန်းစာယူ၍ မိမိ ယုံကြည်သည်ကို ယုံကြည်သည့်အတိုင်း၊ မိမိ မယုံကြည်သည်ကို မယုံကြည်သည့်အတိုင်း ပြတ်ပြတ်သားသား ဆောင်ရွက်ကြဖို့ နိုင်ငံသားတိုင်းကို အလေးအနက် တိုက်တွန်းအကြံပြုလိုပါသည်။

တနိုင်ငံလုံး၏ ကံကြမ္မာအတွက် နိုင်ငံသားတိုင်းက ရဲဝံ့စွာ၊ လွတ်လပ်စွာ ပါဝင်ဆောင်ရွက်ကြပါရန် လေးစားစွာဖြင့် ပြည်သူတရပ်လုံးသို့ ထပ်မံ ပန်ကြားတိုက်တွန်း လိုက်ပါသည်။ ။

ဦးအောင်တိုး
တရားသူကြီးချုပ်
ပြည်ထောင်စု သမတ မြန်မာနိုင်ငံတော်
၂၀၀၉ ခုနှစ် ဇူလိုင်လ (၃၀) ရက်နေ့။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စာအုပ်များ | ၅ |
| ၂။ | ဗိုလ်ချုပ်ကြီးသိန်းစိန် | ၇ |
| ၃။ | တရားသူကြီးချုပ် ဦးအောင်တိုး၏အမှာ | ၉ |
| ၄။ | နိုင်ငံတော် အခြေခံမူများ | ၁၃ |
| ၅။ | နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ | ၁၇ |
| ၆။ | နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ | ၂၁ |

# အခန်း (၃)

# နိုင်ငံတော်အခြေခံမူများ

# ပြည်ထောင်စုသမတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရ

## စစ်တပ်အဓိက လွှမ်းမိုးရေးစနစ်ဖြစ်ကြောင်း အခြေခံပြဇယား




## တပ်မတော်ကာကွယ်ရေး စစ်ဦးစီးချုပ်၏ အဓိကအာဏာများ




(၁) အခန်း(၁) အခြေခံမူ (၆) တွင် တပ်မတော်သည် နိုင်ငံရေးကို ဦးဆောင်ရန်။

(၂) အခန်း(၁) ပုဒ်မ(၁၄) တပ်မတော်သည် ပြည်ထောင်စု၊ တိုင်းနှင့် ပြည်နယ်အဆင့်တိုင်းတွင် ပါဝင်ဆောင်ရွက်သွားမည်။

(၃) ပုဒ်မ (၂၀)အရ တခုတည်းသော မျိုးချစ်တပ်မတော် ဖြစ်ခြင်း၊ တပ်ပိုင်းဆိုင်ရာကိစ္စအားလုံးကိုလွတ်လပ်စွာစီမံခန့်ခွဲစီရင်ဆောင်ရွက်ပိုင်ခွင့်ရှိသည်။ တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိက တာဝန်ရှိသည်။

(၄) ပုဒ်မ (၆၀)(ခ)(၃)အရ တိုင်းပြည်အုပ်ချုပ်ရေးအဆင့်တွင်ပါနေခြင်း။

(၅) အခန်း(၇)ပုဒ်မ(၃၃၈)အရ တခုတည်းသော တပ်မတော်မှအပ အခြားမည်သည့် လက်နက်ကိုင်တပ်မျှ ခွင့်မပြုပေ။

(၆) ပုဒ်မ (၄၁၂)၊ ပုဒ်မ(၃၄၁)၊ (၄၁၃)၊ (၄၁၈)၊ (၄၁၉)အရ အရေးပေါ်ကာလတွင် စစ်တပ်အား အာဏာသိမ်းခွင့်ကို ဖွဲ့စည်းပုံ အရ တရားဝင်ပေးထားသည့်အပြင် ပုဒ်မ(၄၁၇)

အရလည်း တနစ်ထိသတ်မှတ်နိုင်ပြန်သည်။ အချိန်ကာလအကန့်အသတ်မရှိ စစ်အုပ်ချုပ်ရေးဖြင့် တိုင်းပြည်အားအုပ်ချုပ်ရန် ခွင့်ပြုထားလေသည်။

(၇) တပ်မတော်အရေးအား မည်သူမျှဝင်ရောက်စွက်ဖက်ခွင့်မရှိပေ။

(၈) ပုဒ်မ (၂၀)အရ တပ်မတော်ရေးရာကိစ္စများနှင့် ပတ်သက်သမျှအားလုံးကို တပ်မတော်ကသာလုပ်ဆောင်သွားရန် လမ်းညွှန်ထားပေသည်။

(၉) အခန်း(၄) ပုဒ်မ (၇၄)၊ (၁၀၉)၊ (၁၄၁)၊ (၁၆၁)တို့နှင့်အညီ ပြည်ထောင်စုလွှတ်တော်နှင့် ဥပဒေပြုကဏ္ဍ အဆင့်ဆင့်အသီးသီးတွင် တပ်မတော်သား (၂၅)ရာခိုင်နှုန်း ပါဝင်နေခြင်း။

(၁၀) ပုဒ်မ (၁၁၅)နှင့် (၁၄၇)(ခ)များအရ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စများ။ တပ်မတော်ရေးရာနှင့်ပတ်သက်လျှင် တပ်မတော်သားများကသာ လုပ်ပိုင်ခွင့်ရှိခြင်း။

(၁၁) ပုဒ်မ (၁၂၁)(ည)အရ တပ်မတော်အား အခွင့်ထူးခံပေးထားခြင်း။

(၁၂) ပုဒ်မ (၂၀၁)အရ ကာကွယ်ရေးနှင့် လုံခြုံရေး၊ ပြည်ထဲရေးနှင့် နယ်စပ်ရေးရာတို့တွင်လည်းကောင်း၊ ပုဒ်မ (၂၃၂)နှင့်(၂၃၄)အရဒုဝန်ကြီးများ ခန့်အပ်ရာတွင်လည်းကောင်း တပ်မတော်သားများကိုသာ အဓိကထားခြင်း။

(၁၃) ပုဒ်မ(၂၆၂)အရတိုင်း(သို့) ပြည်နယ်ကာကွယ်ရေးနှင့် နယ်စပ်ရေးရာကိစ္စများအတွက် ကာကွယ်ရေးဦးစီးချုပ်မှ တိုက်ရိုက်ကိုင်ထားခြင်း။

(၁၄) တပ်မတော်သား ကိုယ်စားလှယ်များ ရာထူးမှ နုတ်ထွက်ခြင်း၊ ရပ်ဆဲခြင်း ခန့်အပ်ခြင်း ကိစ္စတိုင်းတွင် တပ်မတော်မှ လုပ်ခွင့်ရှိခြင်း။

(၁၅) ပုဒ်မ (၂၅၈)အရ တပ်မတော်မှ ကြီးစိုးသော နေပြည်တော် ကောင်စီသည် နိုင်ငံတော်၏ အမြင့်ဆုံး အာဏာရှိစေခြင်း။

(၁၆) အရေးပေါ်အခြေအနေကာလတွင် အခန်း (၁၁)ပုဒ်မ (၄၁၂)၊ (၄၁၃)၊ (၄၁၈)မှ (၄၃၂) ပြဋ္ဌာန်းချက်များအရ နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့ကို တပ်မတော်မှ တာဝန်ယူနိုင်ခြင်း။ အချိန် အကန့်အသတ်မရှိ အာဏာသိမ်းနိုင်သည့် အခြေအနေများကို ခွင့်ပြုပေးထားခြင်း။

(၁၇) အခန်း (၁၄)ပုဒ်မ (၄၄၃)(၄၄၅)မှ (၄၄၇)အထိပြဋ္ဌာန်းချက်များအရ စစ်အစိုးရတို့၏ အမွေကို ဆက်ခံခြင်း။ စစ်အစိုးရတို့ အသုံးပြုသော ဥပဒေများကို ဆက်လက် အသုံးပြုနိုင်ခြင်း။

ခြုံငုံသုံးသပ်ချက်အရ ၂၀၁၀ အပြီး တိုင်းပြည်အား အုပ်ချုပ်သွားမည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈)သည် လက်ရှိစစ်အာဏာရှင်စနစ်ကို တရားမဝင်အဆင့်မှ တရားဝင် အဆင့်သို့ ဖော်ဆောင်ခြင်းဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပေသည်။

# အခန်း (၂)
# နိုင်ငံတော်၏ဖွဲ့စည်းတည်ဆောက်ပုံ




# နအဖ၏ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)

[illegible]



# အခန်း (၃)

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ

# နအဖ စစ်အစိုးရရေးဆွဲသော ပြည်ထောင်စုသမတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)
# နှင့်
# ဒီမိုကရေစီနှင့် တိုင်းရင်းသား အင်အားစုများ ရေးဆွဲသော ဖက်ဒရယ်ပြည်ထောင်စု သမတမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ (ဒုတိယမူကြမ်း)တို့အား
# နှိုင်းယှဉ်လေ့လာခြင်း

**မိတ်ဆက်**

တိုင်းပြည်၊ ပါတီ၊ အသင်းအဖွဲ့တိုင်းသည် ဖွဲ့စည်းပုံ အခြေခံဥပဒေတခု ရှိရမည် ဖြစ်ပြီး ယင်းဖွဲ့စည်းပုံသည် ပြည်သူ၊ ပါတီ အသင်း အဖွဲ့ဝင်များဆန္ဒနှင့် ကိုက်ညီပါက စည်းလုံးညီညွတ်၍ တိုင်းပြည်၊ ပါတီအဖွဲ့အစည်းသည်လည်း ငြိမ်းချမ်းသာယာ စည်ပင်ဝပြောမည် ဖြစ်သည်။ သို့သော် ဖွဲ့စည်းပုံသည် ပြည်သူ၊ အသင်းအဖွဲ့ဝင်များ ဆန္ဒနှင့် ဆန့်ကျင်ပါက စည်းလုံးညီညွတ်မှုပြိုကွဲပြီး ယင်းဖွဲ့စည်းပုံနှင့် တိုင်းပြည်၊ ပါတီအသင်းအဖွဲ့သည်ပင်လျှင် ပြိုကွဲပျက်စီးသွားမည် ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံများကို လေ့လာပါက ပြည်သူများ၊ တိုင်းရင်းသားများ ဆန္ဒသဘောထားများ နှင့် ဆန့်ကျင်သဖြင့် စည်းလုံးညီညွတ်ရေးပြိုကွဲကာ ဖွဲ့စည်းပုံ အခြခံဥပဒေသည်လည်း အကြိမ်ကြိမ် ပျက်စီးသွားရပြီး တိုင်းပြည်သည်လည်း ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံဘဝသို့ရောက်ရှိကာ ပြည်သူ လူထုစားဝတ်နေရေးဘဝသည်လည်း ဒုက္ခမျိုးစုံကြုံတွေ့နေရသည်။

မြန်မာ့နောက်ခံသမိုင်းတွင် ကချင်၊ ကရင်၊ ကရင်နီ၊ ချင်း၊ မွန်၊ ဗမာ၊ ရှမ်း၊ ရခိုင်စသည့် တိုင်းရင်းသားများ သည် ရှေးနှစ်ပေါင်းထောင်နှင့်ချီကတည်းက ဘုရင်၊ စော်ဘွား၊ ဒူးဝါး၊ စောဖျား၊ စောကဲ၊ ရမ်အုပ်မင်းများဖြင့် လွတ်လပ်စွာ အုပ်ချုပ်နေထိုင်လာခဲ့ကြသော ဌာနေတိုင်းရင်းသားများ ဖြစ်ကြသည်။ ပြည်ထောင်စုပုံစံ မရှိခဲ့ပေ။

အင်္ဂလိပ်ကိုလိုနီခေတ်ကာလတွင် အင်္ဂလိပ်က တိုက်ရိုက်အုပ်ချုပ်သော (ရခိုင်၊ မွန်၊ ကရင်၊ ဗမာ) နေထိုင်သည့် ဒေသကိုစုစည်း၍ ဗမာပြည်မ(Bruma proper) နယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိကြသော ပြည်ထောင်စုရှမ်းပြည် ၊ ကချင် တောင်တန်းဒေသ၊ ချင်းတောင်တန်းဒေသနှင့် သီးခြား လွတ်လပ်သော ကရင်နီပြည်ဟူ၍ နယ်မြေ (၅)ခု တည်ရှိခဲ့သည်။ ပြည်ထောင်စုပုံစံမရှိခဲ့ပေ။

ဗိုလ်ချုပ်အောင်ဆန်းနှင့် ရှမ်း၊ ကချင်၊ ချင်း တိုင်းရင်းသား ခေါင်းဆောင်များတို့သည် အမြော်အမြင်ကြီးစွာတိုင်ပင်ဆွေးနွေးအပေးအယူ လုပ်ကြပြီးမှ သီးခြားတည်ရှိသော နယ်မြေ(၄)ခု တပြိုင်တည်းလွတ်လပ်ရေးရယူရန်နှင့် ယင်းနယ်မြေများ တန်းတူရည်တူ ပြည်ထောင်စု တည်ဆောက်ရန် ၁၉၄၇ ခုနှစ် ဖေဖော် ဝါရီလ(၁၂) ရက်နေ့တွင် ပင်လုံစာချုပ်ကို

ချုပ်ဆိုကြပြီး ပြည်ထောင်စုစနစ်ကို စတင်ပျိုးထောင်ခဲ့သည်။

ထိုအပြင် ဗိုလ်ချုပ်ကဦးဆောင်ချမှတ်ပြီး ဖဆပလအဖွဲ့ချုပ်က သဘောတူညီသည့် အနာဂတ်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် (၁)လွတ်လပ်သော နိုင်ငံဖြစ်ရမည် (Independence)၊ (၂) အချုပ်အခြာပိုင် နိုင်ငံဖြစ်ရမည် (Sovereignty)၊ (၃) ဒီမိုကရေစီ သမတနိုင်ငံ ဖြစ်ရမည် (Republic) ၊ (၄) ပြည်ထောင်စုနိုင်ငံ ဖြစ်ရမည်(Union State) ဟုပါရှိသည်။

ဗိုလ်ချုပ်အောင်ဆန်းလမ်းညွှန်(၇)ချက်နှင့် ရှင်းလင်းချက်များကိုလည်း လက်ခံကြသည်။

ထိုမျှမက ဗိုလ်ချုပ်ဦးဆောင်ပြီး ၁၉၄၇ ခုနှစ် မေလ(၂၄)ရက်နေ့တွင် ကျင်းပပြုလုပ်သော ဖဆပလအဖွဲ့ချုပ် ပဏာမညီလာခံက သဘောတူညီထားသော အခြေခံမူ (၁၄) ချက်အနက် အခန်း(၁) နိုင်ငံတော်တည်ဆောက်ရာ၌ ဖော်ပြပါရှိရာတွင် (က) ဗမာပြည်မ (Burma Proper)၊ (ခ) ရှမ်း ပြည်ထောင်စု၊ (ဂ) ကရင်နီ ပြည်နယ်များ၊ (ဃ) ကချင်တောင်တန်းများ၊ (င) ချင်းတောင်တန်းများ ပါဝင်စေရမည်ဟု ပါရှိသည်။ ထိုအပြင် ဗမာပြည်မတွင် နေထိုင်ပြီး ဗမာစကားနှင့်မတူသော၊ လူဦးရေ အသင့်အတင့်ရှိသော၊ စီးပွားရေးအသင့်အတင့်ရှိသော၊ မိမိပြည်နယ်အဖြစ် နေထိုင်လိုခြင်း စသည့်အချက်များကို အခြေခံ၍ ပြည်နယ်ဖော်ပေးရမည်ဟု အတိအလင်းပါရှိသည့် အချက်များသည် ရခိုင်၊ မွန်၊ ကရင်အတွက်ဆိုလိုကြောင်းထင်ရှားသည်။ ဗမာလူမျိုးသည်လည်း ပင်လုံစိတ်ဓာတ်အရ ရှမ်း၊ ကချင်၊ ချင်းတို့နှင့် အဆင့်အတန်းတူသည်ဟုသဘောထားရမည်ဖြစ်သည်။

## ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ဒီမိုကရေစီ ဆိတ်သုန်းခြင်းပြဿနာ

ဗိုလ်နေဝင်းဦးဆောင်သော (မဆလ) တပါတီအာဏာရှင်စစ်အုပ်စုက ၁၉၇၄ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေ တခုကို စိတ်ကြိုက်ရေးဆွဲပြဋ္ဌာန်းလိုက်သည်။ တိုင်းရင်းသားများအခွင့်အရေး မရှိသည့်အပြင် ဒီမိုကရေစီအခြေခံလူ့အခွင့်အရေး ဟူသမျှ လုံးဝ ဆိတ်သုန်းသွားသည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ ဆက်လက်၍ တော်လှန်တိုက်ပွဲဝင်ပြီး ပြည်သူတရပ်လုံးကလည်း ဒီမိုကရေစီအခွင့်အရေးများအတွက် နည်းမျိုးစုံဖြင့် တလျှောက်လုံးဆန့်ကျင်တိုက်ပွဲဝင်လာကြရာ ၁၉၈၈ ခုနှစ် ဒီမိုကရေစီအရေးတော်ပုံကြီးကြောင့် မဆလ တပါတီအာဏာရှင်စနစ် ပြုတ်ကျခြင်းနှင့်အတူ ဒီမိုကရေစီလုံးဝမရှိသော ဖွဲ့စည်းပုံ အခြေခံဥပဒေသည်လည်း (၁၄)နှစ်အကြာတွင် ပျက်စီးသွားတော့သည်။

## နအဖ၏ ၂၀၀၈ ခုနှစ် နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြဿနာ

နအဖ ဖက်ဆစ်စစ်အုပ်စုသည် ၁၉၉၃ ခုနှစ်မှစ၍ အတုအယောင် အမျိုးသားညီလာခံကိုကျင်းပလာပြီး ၁၅ နှစ် အကြာတွင် ၂၀၀၈ ခုနှစ် နာဂစ်ဖွဲ့စည်းပုံ အခြေခံဥပဒေကို

ပြည်သူ့ဆန္ဒသဘောထား ဓါးပြတိုက်ယူ၍ ၉၂ ရာခိုင်နှုန်းကျော် ထောက်ခံကြောင်း ပြဌာန်းလိုက်ကာ ၂၀၁၀ ခုနှစ်တွင် ပါတီစုံရွေးချယ်တင်မြောက်ပွဲကိုလည်း ကျင်းပပြုလုပ်မည် ဟု ထုတ်ပြန် ထားသည်။ နအဖ၏ ၂၀၀၈ ခုနှစ် နဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် တိုင်းရင်းသားများ အခွင့်အရေး လုံးဝမရှိသည့်အပြင် ဒီမိုကရေစီအခြေခံ လူ့အခွင့်အရေး ဟူသမျှလည်း လုံးဝမရှိပါ။ ယင်းဖွဲ့စည်း ပုံသည် နအဖ စစ်အုပ်စုက ပြည်သူတရပ်လုံးအပေါ် ကျွန်ပြုသွားရန်နှင့် တိုင်းရင်းသား လူမျိုးစုများအား အမျိုးဖြုတ်ရေးကို အစီအစဉ်ရှိရှိ ချမှတ်ခြင်းပင်ဖြစ်သည်။

## ဒီမိုကရေစီအင်အားစုနှင့် တိုင်းရင်းသားအင်အားစုများ၊ အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု အမြင်သဘောထား

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် UNLDနှင့် လွတ်မြောက်နယ်မြေတွင် ရောက်ရှိကြသော ဒီမိုကရေစီ အင်အားစုများနှင့် တိုင်းရင်းသားအင်းအားစုများတို့သည် အနာဂတ်ဖယ်ဒရယ် ပြည်ထောင်စုမြန်မာနိုင်ငံ တည်ဆောက်ရေးနှင့်ပတ်သတ်၍ အောက်ပါအခြေခံမူများနှင့် သဘောထားတူညီမှုမှုရှိကြောင်း တွေ့ရှိရပေသည်။

(၁) ဖယ်ဒရယ် ပြည်ထောင်စုသမတနိုင်ငံဖြစ်ရမည်။
(၂) တိုင်းရင်းသားလူမျိုးများသည် လူမျိုးရေး ၊ နိုင်ငံရေး တန်းတူရည်တူရှိရမည်။
(၃) ပါတီစုံဒီမိုကရေစီ နိုင်ငံရေးစနစ်ရှိရမည်။
(၄) ဒီမိုကရေစီ အခြေခံလူ့အခွင့်အရေး ကာကွယ်ပြဌါန်းရမည်။
(၅) ပြည်သူ့လွှတ်တော်နှင့် အမျိုးသား လွှတ်တော်နှစ်ရပ်ထားရှိပြီး၊ ယင်းလွှတ်တော်နှစ်ရပ် သည် အာဏာတူဖြစ်ရမည်ဆိုသည့် အခြေခံမူ ပင်ဖြစ် သည်။

ထို့ကြောင့် အထက်ပါအခြေခံမူများအပေါ်အခြေခံထားရှိပြီး လွတ်မြောက်နယ်မြေနှင့် နိုင်ငံတကာရောက် ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသား အင်အားစုများပူးပေါင်း၍ အနာဂတ် စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု သမတမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ (ဒုတိယမူကြမ်း) ကိုလည်းရေးဆွဲ ထားပြီးဖြစ်သည်။

သို့ဖြစ်ပါ၍ ပြည်သူတရပ်လုံးကို ကျွန်ပြုသွားမည့် နအဖ၏ ၂၀၀၈ ခုနှစ် နာဂစ်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တိုင်းရင်းသား ပြည်သူများသည် တန်းတူရည်တူရှိပြီး ဒီမိုကရေစီ အခြေခံလူ့အခွင့်အရေးများ အပြည့်အဝခံစားရကာ ငြိမ်းချမ်းသာယာဝပြောရေး ကို ဆောင်ကျဉ်းပေးမည့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စု သမတမြန်မာနိုင်ငံ တော်ဖွဲ့စည်းပုံအခြေခံ ဥပဒေ (ဒုတိယမူကြမ်း) ကိုနှိုင်းယှဉ်လေ့လာနိုင်ရန် အောက်ပါအတိုင်း တင်ပြအပ်ပါသည်။

**နှိုင်းယှဉ်ချက်များအနေဖြင့်**

၁) နောက်ခံအကြောင်းအရင်း
၂) အခြေခံမူကို ဘယ်လိုချမှတ်လဲ။
၃) အနှစ်သာရအားဖြင့် ဘာထည့်သွင်းပါရှိလဲ။ စသည်ဖြင့် သုံးသပ်တင်ပြအပ်ပါသည်။

## နောက်ခံအကြောင်းအရင်းအား နှိုင်းယှဉ်သုံးသပ်ခြင်း

| အကြောင်းအရာ | နအဖ မှရေးဆွဲသော ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ | ဒီမိုကရေစီ နှင့် တိုင်းရင်းသားအင်အားစုများမှ ရေးဆွဲသော ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ |
|---|---|---|
| ၁) ဖွဲ့စည်းပုံရေးဆွဲရန် ဖြစ်ပေါ်လာရသည့် အကြောင်းအရင်း (သို့) ရည်ရွယ်ချက် | ၁) ဖြောင်အာဏာရှင် (စစ်) အုပ်ချုပ်ရေးဖြင့် ဆက်လက် အုပ်ချုပ်ရန်မဖြစ်နိုင်တော့ခြင်း<br>၂) အာဏာရှင် (စစ်) အုပ်ချုပ်ရေးအား သွယ်ဝိုက်၍ တရားဝင် ဖြစ်အောင်လုပ်ဆောင်ရန် လိုအပ်လာခြင်း | ၁) ဒီမိုကရေစီစနစ်ပေါ်ထွန်းရေး<br>၂) စစ်မှန်သောဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေး |
| ၂) အခြေခံမူ ချမှတ်ခြင်း၊ ရေးဆွဲခြင်း | ၁) အခြေခံမူကို မည်သို့ ချမှတ်သည်ကို မသိရပေ။ အထက်မှ အောက်သို့ချမှတ် ရေးဆွဲသော ပုံစံဖြစ်သည်။<br>၂) အခြေခံမူ ရေးဆွဲသူသည် မည်သူဖြစ် သည်မသိရပေ။ မရှိပေ။<br>၃) နဝတ/နအဖအာဏာရှင် စစ်အစိုးရ တို့မှအခြေခံမူ (၆)ချက်ကို ချမှတ်ခဲ့သည်။ (၁၉၉၃ ခုနှစ် အမျိုးသား ညီလာခံအတွင်း ချမှတ်ခြင်း မဟုတ်ပေ)<br>၄) အခြေခံမူများသည် | ၁) လူမျိုးပေါင်းစုံမှ ကိုယ်စားလှယ် များ၊ နိုင်ငံရေးပါတီပေါင်းစုံမှ ကိုယ်စားလှယ်များ၊ တသီးပုဂ္ဂလ များ၊ ပညာရှင်များမှ နှီးနှော ဖလှယ် ပွဲများ အကြိမ်ကြိမ် ကျင်းပ၍ ဆွေး နွေးညှိနှိုင်းပြီး ရေးဆွဲ ချမှတ်ခဲ့သည်။<br>၂) အောက်မှ အထက်သို့ ရေးဆွဲထားသည့် ပုံစံဖြစ်သည်။<br>၃) အခြေခံမူ (၈)ချက်ရေးဆွဲ နိုင်ခဲ့သည်။<br>၄) ဗမာပြည်လူထုတရပ်လုံး၏ အကျိုးကိုမျှော် မှန်း၍ ဒီမိုကရေစီနှင့် တိုင်းရင်းသားအားလုံး တန်းတူရေး ကိုဦးတည်သောအခြေခံမူများ |

| | | |
|---|---|---|
| | အာဏာရှင်စနစ်ကို သက်ဆိုးကြာရှည်စေသည့် မှုများဖြစ်သည်။ | ဖြစ်သည်။ |
| ၃) မူကြမ်းရေးဆွဲရေး ကော်မတီတွင် ပါဝင်သည့် အဖွဲ့ဝင် ဦးရေ | ၁) မူကြမ်းရေးဆွဲရေး ကော်မတီကို နအဖ မှစိတ်ကြိုက် ရွေးချယ်ခန့်အပ်ပေသည်။<br>၂) ရေးဆွဲရေး ကော်မတီ အဖွဲ့ဝင် (၅၄) ယောက်ဖြင့် ဖွဲ့စည်းသည်။ | ၁) နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်သော နီးနှော ဖလှယ် ပွဲကြီးများမှ ရွေးချယ်ခြင်းခံရသော ကိုယ်စား လှယ်များနှင့် ပညာရှင်များ အားတာဝန်ပေးအပ်သည်။<br>၂) ရေးဆွဲရေးကော်မတီအဖွဲ့ဝင် (၁၆)ယောက်ဖြင့် ဖွဲ့စည်းသည်။ |
| ၄) အခြေခံဥပဒေ ရေးဆွဲရာတွင် ကြာမြင့်သည့် အချိန်ကာလ | ၁) ညီလာခံသည် အချိန်အားဖြင့် (၁၄)နှစ်ကြာသည်။<br>၂) ၁၉၉၃ ခုနှစ်မှ ၂၀၀၈ ခုနှစ်ထိ ကြာမြင့်သည်။<br>၃) ပြည်နယ်များ၏ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံသော ပြည်နယ် ဖွဲ့စည်းပုံ အခြေခံဥပဒေများကိုရေးဆွဲခွင့်မရှိပေ၊ ပြည်ထောင်စုဖွဲ့စည်းပုံတွင် တပေါင်း တည်းထည့်သွင်းဖော်ပြသည်၊ | ၁) (၃)နှစ်သာ သတ်မှတ်ထားသည်။<br>၂) ၂၀၀၅ ခုနှစ်တွင် စတင်ဖွဲ့စည်းသည်။<br>၃) ၂၀၀၆ ခုနှစ်တွင် ပထမ မူကြမ်းရေးဆွဲအတည် ပြုနိုင်ခဲ့သည်။<br>၄) ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလတွင် အတည်ပြုခဲ့သည်။<br>၅) ပြည်ထောင်စု ဖွဲ့စည်းပုံ အခြေခံဥပဒေကို အခြေခံ၍ ပြည်နယ်မ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံသော ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေများကို ရေးဆွဲခွင့် ရှိပေသည်။ |
| ၅) ပြည်သူလူထု ပါဝင်ပတ်သက်မှု နှင့် ရေးဆွဲစဉ်နိုင်ငံရေး မိုးလေဝသ | ၁) ပြည်သူလူထု ပါဝင်မှုလုံးဝ ပေးမထားပေ။<br>၂) ၅/၉၆ ခု အမိန့် ဥပဒေဖြင့်ပိတ်ပင်ထားသည်။<br>၃) ညီလာခံ ကိုယ်စားလှယ်များသည် နအဖမှ စိတ်ကြိုက် လူရွေးခေါ်ထားသူများဖြစ်သည်။<br>၄) ညီလာခံကျင်းပစဉ်တွင် | ၁) ပြည်သူလူထုပါဝင်မှုကို အပြည့်အဝလမ်းဖွင့်ပေးထားသည်။<br>၂) ကန့်သတ်တားမြစ်ထားသော စည်းမျဉ်း ဥပဒေများလုံးဝမရှိ<br>၃) ပြည်တွင်းမှ လက်လှမ်းမှီသမျှ ပါဝင်မှုရှိသည်။<br>၄) လူထုဆန္ဒခံယူ၍ရသည့်နေရာများတွင် ကျယ်ပြန့်စွာခံယူသည်။ |

| | | |
|---|---|---|
| | ညီလာခံတွင်း၌လည်းကောင်း၊ ပြည်သူလူထုအားလည်းကောင်း ပြောဆို ဆွေးနွေးတင်ပြခြင်း မရှိပေ၊ဒီမိုကရေစီဆိတ်သုန်း နေသည်။<br>၅) ညီလာခံကျင်းပကာလ တွင် ပြည်တွင်းစစ်မီး တောက်လောင်နေခြင်း<br>၆) ပြည်သူလူထုတရပ်လုံး ဆင်းရဲမွဲတေ၊ ငတ်ပြတ်နေ၊ ကြောက်ရွံ့နေသည့် အချိန် ဖြစ်သည်။<br>၇) ပြည်သူ့ဆန္ဒကို အတင်း အဓမ္မခံယူပြီး အတည်ပြုခဲ့ သည်။ အတည်ပြုသည့် ဖွဲ့စည်းပုံကိုလည်းအာဏာရှင် တို့စိတ်တိုင်းကျ ပြန်လည် ပြင်ဆင်ပြီး ဖွဲ့စည်းပုံအခြေခံ ဥပဒေ စာအုပ်သစ်ကို ထုတ်ဝေခဲ့သည်။ | ၅) လွတ်မြောက်နယ်မြေများနှင့် ထိုင်း–မြန်မာ နယ်စပ်တလျှောက် တွင် ဆွေးနွေးတိုင်ပင်ရေးဆွဲသည်။<br>၆) ညီလာခံသို့တက်ရောက် လာသော ပြည်တွင်းပြည်ပ ကိုယ်စားလှယ် များအားလုံး လွတ်လပ်စွာပြောဆို ဆွေးနွေးနိုင်ခဲ့ သည်။ ရရှိသည့် ရလဒ်များကို ပြည်တွင်းသို့ ရသလောက် ဖြန့်ဝေပြီး ဆွေးနွေးပွဲငယ်များစွာဖြင့် ဆဒ္ဒခံယူခဲ့သည်၊<br>၇) ဤဒုတိယမူကြမ်းကို အတည် ပြုနိုင်ရေးအတွက် ဆက်လက်ပြီး ဆန္ဒခံယူပွဲများ၊ နှီးနှောဖလှယ်ပွဲများ နှင့် ညီလာခံကျင်းပရန်ရှိသည်။ |
| ၆) ပါဝင်သည့် အခန်းနှင့်ပုဒ်မပေါင်း | ၁) အခန်း (၁၅)ခန်းနှင့် အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာ ဖြင့် စာမျက်နှာပေါင်း (၃၈၈) မျက်နှာပါရှိသည်။<br>၂) ပုဒ်မပေါင်း (၄၅၇)ခုဖြင့် တင်းကြပ်သည့် စည်းမျဉ်း စည်းကမ်းများအား စုစည်းရေးသား ဖော်ပြထားသည်။ | ၁) အခန်း (၁၄)ခန်းပါဝင်၍အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် စာမျက်နှာ (၁၄၇) မျက်နှာပါရှိသည်။<br>၂) အခန်းလိုက် ပုဒ်မပေါင်း (၂၀၄)ခု ဖြင့် ဒီမိုကရေစီနှင့် တိုင်းရင်းသား အားလုံး တန်းတူရေးကို အာမခံ သည့် အခြေခံမှ စုစည်းရေးသား ဖော်ပြထားသည်။ |

# အခြေခံမူများအား နှိုင်းယှဉ်ခြင်း

| နအဖမှ ချမှတ်သော အခြေခံမူ (၆)ချက် | ဒီမိုကရေစီနှင့် တိုင်းရင်းသားအင်အားစုများမှ ချမှတ်သော အခြေခံမူ (၈)ချက် |
| --- | --- |
| ၁) ပြည်ထောင်စုမပြိုကွဲရေး<br>၂)တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး<br>၃) အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး<br>၄) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ် ထွန်းကားရေး<br>၅) နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေး<br>၆) နိုင်ငံတော်၏အမျိုးသား နိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး | ၁) နိုင်ငံတော်၏ အချုပ်အခြာ အာဏာ ဟူသမျှတို့သည် ပြည်သူလူထုထံမှသာ ဆင်းသက်စေရမည်။<br>၂) တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေး အရဖြစ်စေ၊လူမျိုးရေးအရဖြစ်စေ တန်းတူ ရည်တူအခွင့်အရေးရှိစေရမည်။<br>၃) တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုစသည့် ကဏ္ဍအသီးသီးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝ ရှိစေရမည်။<br>၄) ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝ ရှိသော ပြည်နယ်များဖြင့် ဖွဲ့စည်းသည့် ဖက်ဒရယ် ပြည်ထောင်စုဖြစ်ရမည်။ ပြည်ထောင်စု လွှတ်တော်တွင်လွှတ်တော်နှစ်ရပ်ထားရှိရမည်။<br>၅) ပြည်ထောင်စု အဖွဲ့ဝင်ပြည်နယ်များ အတွင်း နေထိုင်ကြသော တိုင်းရင်းသား လူနည်းစုများ၏ အခွင့်အရေးများအား ဖွဲ့စည်းပုံအခြေခံဥပဒေတွင်အတိအလင်း ကာကွယ်ပြဋ္ဌာန်းပေးရမည်။<br>၆) ဘာသာအယူဝါဒ၊ အသားအရောင်၊ လိင်ကွဲပြား မှုများကို အခြေခံသော ခွဲခြားဆက်ဆံခြင်းမရှိစေဘဲ အခြေခံ လူ့အခွင့်အရေးများ၊ ဒီမိုကရေစီ အခွင့် အရေးများကို ကာကွယ်ပြဋ္ဌာန်း ပေးရမည်။<br>၇) ဘာသာရေးကို အခြေမခံသော နိုင်ငံတော် ဖြစ်စေရမည်။<br>၈) ဖက်ဒရယ်ပြည်ထောင်စုတွင် ပါတီစုံ ဒီမိုကရေစီစနစ်ကို ကျင့်သုံးစေရမည်။ |

၁) အနဖ၏ အခြေခံမူ (၆)ချက်တွင် အခြေခံမူ(၄၊ ၅) သည်သာလျှင် အခြေခံမူ ဖြစ်သည်ဟုဆိုရပေမည်။ နအဖ အခြေခံမူ (၄)သည် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးကော်မတီ (ဒီမိုကရေစီနှင့် တိုင်းရင်းသားအင်အားစု)မှရေးဆွဲချမှတ်သော အခြေခံမူ (၈)နှင့် အခြေခံမူ (၆)တို့နှင့် တူညီနေသော်လည်း နအဖ၏အခြေခံမူ(၄)တွင် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ထွန်းကားရေးဆိုသဖြင့် ယင်းသည် သမတ ဦးဆောင်သောအစိုးရစနစ်နှင့် နိုင်ငံရေးစနစ်မှာ မကိုက်ညီသည်ကို တွေ့ရသည်။အာဏာရှင်စနစ်ဖြင့် တိုင်းပြည်ကို အုပ်ချုပ်သွားမည်ကိုတွေ့ရသည်။ အဘယ်ကြောင့် ဆိုသော် စည်းကမ်းသည်အထက်မှ ရေးဆွဲခြင်းဖြစ်သဖြင့် ဒီမိုကရေစီသည်လည်း စစ်မှန်လိမ့်မည် မဟုတ်ပေ။

၂) အခြေခံမူ (၁၊ ၂၊ ၃)တို့သည် ဝါဒဖြန့်ကြွေးကြော်သံများသာဖြစ်သည်။ အခြေခံမူများ မဟုတ်ပေ။ အခြေခံမူ(၆)သည် စစ်တပ်အာဏာတည်မြဲရေးနှင့် အခွင့်ထူးခံတောင်းဆိုချက်သာဖြစ်သည်။ တိုင်းပြည်ကို စစ်အုပ်ချုပ်ရေးနှင့်သွားမည်ဟု ပွင့်ပွင့်လင်းလင်းဖော်ပြထားချက်လည်း ဖြစ်သည်။ ထို့ကြောင့် အခြေခံမူ (၁၊ ၂၊ ၃)နှင့် (၆)ကို နှိုင်းယှဉ်ကြည့်လျှင် တပ်မတော်သည် အခြေခံမူ (၁၊ ၂၊ ၃)အရထိန်းသိမ်း စောင့်ရှောက်ရန် တာဝန်ရှိသွားသည်ကိုတွေ့ရသည်။ ထိုအခြေခံမူ (၆)သည် ကြွေးကြော်သံလည်းမဟုတ်၊ စံတန်ဖိုးလည်းမဟုတ်ပေ။ တိုင်းပြည်ကိစ္စအဝဝအား တပ်မတော်မှဝင်ရောက်စွက်ဖက်နိုင်ရန် တောင်းဆိုရေးသား ထားသော Demand သာပင်ဖြစ်သည်။ညီလာခံမှချမှတ်ထားသည် ဟု ဆိုသော်လည်း အားလုံးသိပြီး ဖြစ်သည့်အတိုင်းညီလခံမစမီအချိန်ကယင်း ကြွေးကြော်သံ များ၊ မူများရှိပြီးရေးဆွဲပြီး ဖြစ်ကြောင်း လေ့လာသုံးသပ်နိုင်သည်။

၃) နအဖ၏ အခြေခံဥပဒေတွင် အခြေခံမူ(၁၊ ၂၊ ၃)အတွက် မည်သို့ လုပ်မည်ဆိုသည်ကို ပြောမထားပေ။ အတိုက်အခံအင်အားစုမှရေးဆွဲသောအခြေခံမူ(၈) ချက်တွင်နအဖ၏ (ကြွေးကြော်သံ)အခြေခံမူ (၁၊ ၂၊ ၃)ကိစ္စနှင့်ပတ်သတ်၍ အခြေခံမူ (၁၊ ၂၊ ၃၊ ၄၊ ၅)တွင် တိကျစွာ ဖော်ပြထားသည်ကို တွေ့ရမည်ဖြစ်သည်။ နအဖရေးဆွဲသော အခြေခံမူများထက် တိကျမှုရှိသည်ကို တွေ့ရမည်ဖြစ်သည်။ ထူးခြားချက်များအနေဖြင့် အခြေခံမူ (၆)နှင့်(၇)ကိုတွေ့ရှိရမည်ဖြစ်သည်။ အခြေခံလူ့အခွင့်အရေးကို အာမခံသည်နှင့် အညီ ဘာသာရေးဆိုင်ရာ ပဋိက္ခများ မဖြစ်ပွားရေးအတွက် အာမခံချက်များပင်ဖြစ်သည်။

၄) ဒီမိုကရေစီနှင့် တိုင်းရင်းသားအင်အားစုများမှ ရေးဆွဲချမှတ်သော အခြေခံမူများသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသား ခေါင်းဆောင်များ သဘောတူခဲ့သည်ပင်လုံစာချုပ်ကို အခြေခံ၍လည်းကောင်း၊ ပြည်တွင်းပြည်ပရှိ ဒီမိုကရေစီနှင့် တိုင်းရင်းသားအင်အားစုများမှ သဘောတူချုပ်ဆိုခဲ့သော စာချုပ်နှင့် သဘောထားများကို အခြေခံ၍လည်းကောင်း၊ ယနေ့ ဒီမိုကရေစီနှင့် တိုင်းရင်းသားတန်းတူရေးအတွက် တိုက်ပွဲဝင်နေသော နိုင်ငံရေးပါတီများ၊ တော်လှန်ရေးအင်အားစုများ လူမှုအသင်း အဖွဲ့များ၏ဘုံသဘောထား စုစည်းချက်များကိုအခြေခံ၍ ရေးဆွဲချမှတ်ထားခြင်း ဖြစ်ပေသည်။

## ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ အနှစ်သာရအပိုင်းအား နှိုင်းယှဉ်ခြင်း

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ အတွင်းသဘောတခုလုံး၏ အနှစ်သာရပိုင်း အကျဉ်းချုပ်အား လေ့လာမည်ဆိုလျှင် မည်သည့်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၌မဆို အခန်း(၁)၊ ပုဒ်မ (၁၊ ၂၊ ၃)တွင် များသောအားဖြင့် လေ့လာနိုင်သည်။ ထို့အပြင်အရေးကြီး သည့်အခန်းများဖြစ်သော နိုင်ငံရေးစနစ်၊ လူ့အခွင့်အရေးအခန်းကဏ္ဍ၊ နိုင်ငံတော် ဖွဲ့စည်း တည်ဆောက်ပုံ၊ အစိုးရများဖွဲ့စည်းထားမှုနှင့် ၎င်းတို့၏ အုပ်ချုပ်ရေးအာဏာများဥပဒေပြု လွှတ်တော်ဖွဲ့စည်းခြင်းနှင့် ဥပဒေပြုရေး၊ တရားစီရင်ရေး အခန်းကဏ္ဍများ၊ အရေးပေါ်ကာ ပြဋ္ဌာန်းချက်များနှင့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပြင်ဆင်မှု အခန်းကဏ္ဍတို့ကို အဓိက ထားလေ့လာရမည်ဖြစ်သည်။ သို့မှသာ ဖြစ်ပေါ်လာသော ဖွဲ့စည်းပုံအခြေခံဥပဒေသည် မိမိတို့၏ ဆန္ဒနှင့် သော်လည်းကောင်း၊ နိုင်ငံအခြေအနေနှင့်သော်လည်းကောင်း ဒီမိုကရေစီ ကျင့်စဉ်နှင့်သော်လည်းကောင်း ကိုက်ညီမရှိ၊ မရှိသုံးသပ်နိုင်ပြီး ကောင်းကျိုး ဆိုးကျိုးကို သိမြင်လာနိုင်ပေမည်။

| အကြောင်းအရာ | "နအဖ" မှရေးဆွဲသော ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ | "ဒီမိုကရေစီနှင့် တိုင်းရင်းသားအင်အားစုများ" မှရေးဆွဲသော ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ |
|---|---|---|
| **၁)** အနှစ်သာရပိုင်း | **၁)** အခန်း(၁) ပုဒ်မ(၁)(၂) ၏ ဆိုရင်းအရ မြန်မာနိုင်ငံ သည် လွတ်လပ်သည့် အချုပ်အခြာပိုင်နိုင်ငံ ဖြစ်ကြောင်း၊ ပြည်ထောင်စု နိုင်ငံဖြစ်ကြောင်းဖော်ပြထား သော်လည်း လက်တွေ့အရ တပြည်ထောင်နိုင်ငံသာ ဖြစ်နေသည်။<br>**၂)** ပုဒ်မ(၄)တွင် အချုပ်အခြာအာဏာသည် နိုင်ငံသားတို့ထံမှဆင်းသက်ပြီး နိုင်ငံတဝန်းလုံး၌တည်သည် ဟုဆိုရာတွင် မရှင်းမလင်း | **၁)** အခန်း(၁)ပုဒ်မ (၁)ကိုလေ့လာ လျှင်ပင် လွတ်လပ်သည့်နိုင်ငံ၊ အချုပ်အခြာပိုင်သည့် နိုင်ငံ၊ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ၊ ဒီမိုကရေစီနည်းကျ ရွေးကောက် တင်မြောက်သည့် စနစ်ရှိသည့် နိုင်ငံဖြစ်ကြောင်းဖော်ပြထားသည်။<br>**၂)** ပုဒ်မ(၃)အရ အချုပ် အခြာ အာဏာသည် နိုင်ငံသားတို့၏ လက်ဝယ်၌သာရှိကြောင်း တိတိကျကျ ဖော်ပြထားပေသည်။<br>**၃)** အချုပ်အခြာ အာဏာကို ခံယူကျင့်သုံးပုံ၊ အာဏာခွဲခြားပုံ၊ မည်သို့ အာဏာခွဲဝေကျင့်သုံးရမည် |

| | | |
|---|---|---|
| | ဖြစ်နေသည်။<br>**၃)** အချုပ်အခြာအာဏာ ကျင့်သုံးရာ၌လည်းကောင်း၊ အာဏာခွဲဝေမှုတွင် လည်းကောင်း တိကျ ပြတ်သားမှုမရှိပေ။ | ကို တိကျစွာဖော်ပြထားလေသည်။ |
| **၄)** နိုင်ငံရေးစနစ်နှင့် ဒီမိုကရေစီကို အာမခံခြင်း | **၁)** ပုဒ်မ (၇)နှင့် (၃၉)၏ အဆိုအရ နိုင်ငံရေးစနစ်သည် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီဟု ဆိုထားသဖြင့် တင်းကြပ်သည့်သဘောဆောင်သည်ကိုတွေ့ရသည်။ အဘယ်ကြောင့်ဆိုသော် စည်းကမ်းသည် အထက်မှ အောက်သို့ စီးဆင်းသည့်သဘော ဆောင်သည်။ ထို့ကြောင့် စစ်မှန်၍ စည်းကမ်း ပြည့်ဝသော ပါတီစုံဒီမိုကရေစီဆိုသည်မှာ စစ်မှန်သော ဒီမိုကရေစီစနစ်ကို ဆိုခြင်းမဟုတ်ဘဲ ၄င်းတို့ ချမှတ်ထားသော စည်းမျဉ်း စည်းကမ်းများအရသာ ဒီမိုကရေစီကို ကျင့်သုံးနိုင်ပေ လိမ့်မည်ဖြစ်သည်။ လူထုဆန္ဒနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ နိုင်ငံရေးပါတီများ ဥပဒေကို မည်သို့ပြဋ္ဌာန်းရမည်ကို မဖော်ပြထားပေ။<br>**၂)** အခန်း (၁) ပုဒ်မ(၃၈)၊ | **၁)** ပုဒ်မ (၉)၏အဆိုအရ နိုင်ငံရေးစနစ်သည် ပါတီစုံဒီမိုကရေစီကို ကျင့်သုံးမည်ဖြစ်ကြောင်း တိတိကျကျ ပြဋ္ဌာန်းထားသည့်အပြင် ဒီမိုကရေစီနှင့်ဆန့်ကျင်သည့် လုပ်ရပ်များကို မလုပ်ရန်နှင့် နိုင်ငံရေးပါတီများဥပဒေကို ဥပဒေပြု လွှတ်တော်မှသာ ပြဋ္ဌာန်းသွားရန် တိတိကျကျ ဖွင့်ဆိုထားလေသည်။<br>**၂)** အခန်း(၂) ပုဒ်မ(၁၄)၊ ပုဒ်မ(၂၄) အရ လူတဦးချင်းစီသော်လည်းကောင်း၊ နိုင်ငံရေးပါတီများသော်လည်းကောင်း နိုင်ငံရေး အယူအဆနှင့် ပတ်သတ်၍ လွတ်လပ်စွာ လှုပ်ရှားနိုင်သည့်အတွက် ဒီမိုကရေစီကို ဖော်ဆောင်နိုင်ပေသည်။ လူထုမျှော် မှန်းသော စစ်မှန်သည့် ဒီမိုကရေစီဘက်သို့ ဦးတည်သည်။ အာဏာကို အလွဲသုံးစား မပြုရန်နှင့် အာဏာရှင် စနစ်မပေါ်ပေါက်ရေး အတွက်သာ ကာကွယ် ပြဋ္ဌာန်းထားသည်။ |

| | | |
|---|---|---|
| | **အခန်း (၈) ပုဒ်မ (၃၅၄)အရ လည်းကောင်း၊ အခန်း (၉) ရွေးကောက်တင်မြှောက် ခြင်းဆိုင်ရာနှင့် အခန်း(၁၀)ပါ ပြဋ္ဌာန်းချက်များနှင့် တိုက်ဆိုင် ကြည့်မည်ဆိုလျှင် နိုင်ငံရေး ပါတီများကို ဖွဲ့စည်းပုံအရ တင်းကြပ်သော စည်းမျဉ်း စည်းကမ်းများဖြင့် ပိတ်ပင်ထားခြင်းကြောင့် ဒီမိုကရေစီကို ဖော်ဆောင်ရန် ခက်ခဲ လှပေသည်။**<br>**၃) ပုဒ်မ (၂၆)အရ နိုင်ငံတော်ဝန်ထမ်းများ အားလုံးသည်နိုင်ငံရေး ပါတီများနှင့် ကင်းရှင်းရမည် ဟု ဆိုထားခြင်းမှာ ဒီမိုကရေစီနည်းအရ နိုင်ငံရေးရှင်သန်ဖွံ့ဖြိုးရေး အတွက်မဖြစ်နိုင်ပေ။** | |
| ၁) ဒီမိုကရေစီ လူ့အခွင့်အရေး | ၁) အခန်း (၁)၊ ပုဒ်မ(၂၁)မှ (၃၇)ပြဋ္ဌါန်းချက်များ အရသော်လည်းကောင်း၊ အခန်း(၈)ပုဒ်မ (၃၅၃)မှ (၃၆၈)ထိပြဋ္ဌါန်းချက်များ အရလည်းကောင်း၊ ပုဒ်မ (၃၈၃)၊ မှ (၃၉၀)ထိအရ လည်းကောင်း၊ နိုင်ငံသား တို့၏အခွင့်အရေးဆိုသည်ထက် | ၁)အခန်း(၂)ပါ ပြဋ္ဌါန်းချက်များအရ ပုဒ်မ (၁၁)မှ (၄၇)အထိတွင် လူအခွင့်အရေးနှင့် ပတ်သက်၍ လုံး၀ အာမခံချက်ပေးထားသည်ကို တွေ့ရ သည်။ ထိုမျှမကအထူးအခွင့်အရေး များနှင့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ အကာအကွယ် ရယူပိုင်ခွင့်များကို အာမခံ ပေးထား သည်။ |

| | | |
|---|---|---|
| | တာဝန်များကပို၍ များပြားသည်။ အခွင့်အရေးတိုင်းတွင် ကန့်သတ်ထားသည်။<br>၂) နိုင်ငံတော်လုံခြုံရေး၊ ပြည်သူ့ကိုယ်ကျင့် တရားအလို့ငှါ ပြဋ္ဌာန်း ထားသောဥပဒေများ၊ တည်ဆဲဥပဒေနှင့်အညီ စသည့်အကန့်အသတ်များ ပါရှိသဖြင့်ဖော်ပြထားသော လူ့အခွင့်အရေးများမှာ မရှိဖြစ်သွားပေသည်။<br>၃) ထိုမျှမက ပုဒ်မ(၄၀)၊ (၃၇၉)၊ (၃၈၁)၊(၃၈၂)နှင့် အခန်း(၁၁)၊ ပုဒ်မ (၄၁၄) ပါပြဋ္ဌာန်းချက်များအရ အရေးပေါ်ကာလအချိန်တွင် ကန့်သတ်ခြင်း၊ရုတ်သိမ်း ခြင်းများပြုနိုင်သဖြင့် လူ့ အခွင့်အရေးကို လုံးဝ အာမခံချက်မရှိကြောင်း တွေ့ရမည်ဖြစ်သည်။<br>၄) ပုဒ်မ (၃၇၂)၊ (၃၇၄)မှ (၃၇၉) နှင့်(၃၈၁)ထိ ပြဋ္ဌာန်းချက်များသည် လည်း စီးပွားရေးစနစ်ကို ဆိုလိုခြင်းမဟုတ်ပေ၊<br>၅) လူနည်းစုများ၏ အခွင့်အရေးကိုအာမခံ ထားချက်များမပါရှိပေ၊ နိုင်ငံတော်မှလုပ်ခွင့်ပေးမှသာ | ပို၍ထူးခြားသည်မှာ အခန်း(၃) ပုဒ်မ(၅၃)အရ လူနည်းစုများ၏ အခွင့်အရေးများကိုကာကွယ်ထားသည်။<br>၂) ပုဒ်မ (၁၇၄) (၁၇၅) အရ အရေးပေါ်ကာလပင်လျှင် အခွင့်အရေးနှင့် ပတ်သတ်၍သော်လည်းကောင်း၊ အထူးခုံရုံးများ အသုံးမပြုရေးအတွက် သော်လည်းကောင်း အာမခံပေးထားသည်။ အခြားမည်သည့်ကန့်သတ်ချက်များ မပါဝင်ပေ။<br>၃) ပုဒ်မ (၄၂)အရ သဘာဝ သယံဇာတပစ္စည်းများပင်လျှင် ဒေသခံများ၏သဘောတူညီချက်မရှိဘဲ အလွန်အကျွံထုတ်ယူသုံးစွဲခွင့်မရှိပေ၊ |

| | | |
|---|---|---|
| | ရမည်ဖြစ်သည်။<br>၆) ပုဒ်မ (၂၀)အရ တပ်မတော်မှ တိုင်းပြည်တခုလုံးကိုသာမက ပြည်သူလူထုတရပ်လုံးအား အတင်းအဓမ္မ လုပ်အားပေး၊ ပေါ်တာ၊ ကလေးစစ်သားစုဆောင်းခြင်းများကို အချိန်မရွေး လုပ်နိုင်သည်။<br>ဤပုဒ်မဖြင့်အခွင့်အရေးအားလုံးကို ရုပ်သိမ်းသွားသည်ဟု ဆိုနိုင်သည်။<br>၇) ပုဒ်မ (၃၇)အရ နိုင်ငံတော်မှ လေ၊ ရေ၊ မြေအားလုံးကိုပိုင်ဆိုင်သဖြင့် ပြည်သူတို့၏ ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်များ အချိန်မရွေးဆုံးရှုံးသွားစေမည် ဖြစ်သည်၊ လူထုတရပ်လုံးကိုပါ စီမံဆောင်ရွက်ခွင့်ရှိသည်။ | |
| ၄) တိုင်းရင်းသား လူမျိုးများအခွင့်အရေး | အခန်း(၁)နိုင်ငံတော်အခြေခံမူများ<br>• ပုဒ်မ(၉) (၁၃)အရ လွှတ်တော် တခုစီရှိ တိုင်းဒေသကြီး(၇)ခုအား ပြည်နယ်များနှင့် အဆင့်တူ ပေးထားခြင်း။<br>• ပုဒ်မ(၁၀)ခွဲထွက်ခွင့်မရှိဟု ပြဋ္ဌာန်းထားခြင်း။<br>• ပုဒ်မ (၂၂) အရ တိုင်းရင်းသား စာပေ၊ | ၁) အခြေခံမူ (၂) (၄) (၅)နှင့် (၈)အရ တိုင်းရင်းသား လူမျိုးများ၏ အခွင့်အရေးများကို ကာကွယ်ပြဋ္ဌါန်းထားသည်၊<br>၂) ပုဒ်မ (၃၅)(၃၆)အရ တိုင်းရင်းသား လူမျိုးများ၏ စာပေယဉ်ကျေးမှု၊ ဘာသာစကား၊ ရိုးရာဓလေ့ ထုံးတမ်းစဉ်လာများကို အာမခံ၍ ဖော်ထုတ်ခွင့် ပြုထားသည်၊ |

| | | |
|---|---|---|
| | ယဉ်ကျေးမှုများ၊ ရိုးရာ<br>ဓလေ့ထုံးတမ်းစဉ်လာများနှင့်<br>ပတ်သတ်၍လည်းကောင်း<br>နိုင်ငံတော်မှ<br>ကူညီဆောင်ရွက်<br>မည်ဟုဆိုခြင်း<br>◦ ပုဒ်မ (၄၀)အရ<br>အရေးပေါ် အခြေအနေတွင်<br>နိုင်ငံတော် သမတ၊<br>ကာကွယ်ရေးဦးစီးချုပ်နှင့်<br>တပ်မတော်မှ တိုင်း (သို့)<br>ပြည်နယ် (သို့) ကိုယ်ပိုင်<br>အုပ်ချုပ်ခွင့်ရ စီရင်စုတို့၏<br>အုပ်ချုပ်ရေးဆိုင်ရာ<br>အခွင့်အာဏာကို သုံးဆွဲခြင်း<br>◦ ပုဒ်မ (၄၅)အရ သဘာဝ<br>သံယံဇာတများကိုနိုင်ငံတော်မှ<br>သာ ထိန်းသိမ်း<br>စောင့်ရှောက်ခွင့်<br>အာဏာရှိခြင်း။<br><br>အခန်း(၂)<br>နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ<br>◦ ပုဒ်မ(၄၉) ပြည်နယ်နဲ့<br>အဆင့်တူ တိုင်းဒေသကြီး<br>(၇)ခုထားခြင်း။<br>◦ ပုဒ်မ(၅၅)<br>ပြည်နယ်ကိုယ်ပိုင်အုပ်ချုပ်ရေး<br>စီရင်စု အမည်ပြောင်းရာမှာ<br>သက်ဆိုင်ရာလွှတ်တော်<br>အခန်းကဏ္ဍ မပါခြင်း။<br>◦ ပုဒ်မ (၅၀ခ) | ၃) ပုဒ်မ (၄၂)အရ သဘာဝ<br>ပတ်ဝန်းကျင်ဆိုင်ရာ<br>ထိန်းသိမ်းစောင့်ရှောက်ခွင့်၊ ခံစားခွင့်<br>များရှိသည့်အပြင် ပုဒ်မ (၄၄)နှင့်<br>(၄၅)အရ ပြည်တွင်း၌ဖြစ်စေ ပြည်ပ၌<br>ဖြစ်စေ အခွင့်အရေးများ<br>ချိုးဖောက်ခံရပါက အခြေခံ ဥပဒေနှင့်<br>ဖက်ဒရယ် ပြည်ထောင်စု၏<br>အကာကွယ်ကို ရယူနိုင်သည်။<br><br>အခန်း(၃) နိုင်ငံတော်ဖွဲ့စည်း<br>တည်ဆောက်ပုံ<br>၁) ပုဒ်မ (၄၈) (၄၉)အရ<br>တိုင်းရင်းသား ပြည်နယ်များဖြင့်<br>ဖွဲ့စည်းထားကြောင်း<br>အတိအလင်းဖော်ပြထားပြီး<br>တိုင်းရင်းသားလူမျိုးများ၏<br>ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ပုဒ်မ (၅၀)<br>(၅၁) တို့ဖြင့် အပြည့်အဝ<br>အာမခံထားသည်။<br>အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊<br>တရားစီရင်ရေး ကိစ္စများ ကို<br>ပြည်ထောင်စုအစိုးရ<br>လက်အောက်မှဖွဲ့စည်းပုံအရ<br>ကင်းလွတ်ခွင့်ရှိပေသည်။<br>၂) ပုဒ်မ (၅၃) (၅၅) (၅၆)များအရ<br>လူနည်းစုများ၏ အခွင့်အရေးများကို<br>ကာကွယ်ပြဋ္ဌာန်းထားသည့် အပြင်<br>ပြည်နယ်သစ်များ ဖွဲ့စည်း<br>ခွင့်ကိုလည်း<br>ခွင့်ပြုထားပေသည်၊ |

| | | |
|---|---|---|
| | ဘယ်နယ်မြေကို မဆို<br>သမတတိုက်ရိုက်<br>အုပ်ချုပ်တဲ့<br>ပြည်ထောင်စုနယ်မြေအဖြစ်<br>ကြိုက်သလို<br>သတ်မှတ်နိုင်ခြင်း။<br>◦ ပုဒ်မ(၅၂ဃ)(၅၃)<br>ပြည်နယ်၊ နယ်နိမိတ်<br>သတ်မှတ်ရာမှာ<br>ပြည်ထောင်စုလွှတ်တော်<br>အတည်ပြုချက်လိုခြင်း။<br>◦ ပုဒ်မ (၅၃) (၅၄)အရ<br>တိုင်း(သို့) ပြည်နယ်<br>နယ်နိမိတ်များ<br>သတ်မှတ်ရန် လိုအပ်ပါက<br>ဗဟိုအစိုးရ၏ ခွင့်ပြုချက်ကို<br>ယူရခြင်း။<br>◦ ပုဒ်မ (၅၆)အရ<br>ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ<br>ဒေသများကို ပုဒ်မ(၁၉၆)<br>အရ အခွင့်အာဏာများမှာ<br>ပုဒ်မ (၄၀) (၅၄) (၉၉)အရ<br>မည်သည့် အခွင့်အာဏာမျှ<br>မရှိတော့ခြင်း။<br><br>အခန်း(၄) ဥပဒေပြုရေး<br>◦ ပုဒ်မ(၉၆) (၂၅၄)အရ<br>ပြည်နယ်ဥပဒေပြု<br>အာဏာပိုင်းမှာ<br>အရေးမပါတဲ့<br>အာဏာများသာရှိခြင်း၊<br>ပြည်နယ်များ၏ | အခန်း (၄) ဥပဒေပြုရေး<br>၁) ပုဒ်မ (၅၁) (၅၂) (၅၉)အရ<br>ကြွင်းကျန် အာဏာကိုပြည်ထောင်စု<br>စစ်စစ်မှုအရ ပြည်နယ်များသို့<br>ပေးအပ်ထားသည်။<br>ပြည်ထောင်စုအား<br>အာဏာကန့်သတ်သည့်<br>စနစ်ကိုကျင့်သုံးထားသည်။<br>၂) အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊<br>တရားစီရင်ရေး ကိစ္စအားလုံးကို<br>ဖက်ဒရယ်ပြည်ထောင်စု<br>ဖွဲ့စည်းပုံနှင့် အညီ<br>စိတ်ကြိုက်ရေးဆွဲထားသော<br>ပြည်နယ် ဖွဲ့စည်းအုပ်ချုပ်ပုံ<br>အခြေခံဥပဒေအရ မိမိတို့<br>ဓလေ့ထုံးတမ်းအစဉ်လာများ<br>အတိုင်း လွတ်လပ်စွာ<br>စီမံဆောင်ရွက်ခွင့်ရှိသည်။<br><br>အခန်း (၁၂)<br>အထွေထွေပြဋ္ဌာန်းချက်များ<br>၁) ပုဒ်မ (၁၃၈)အရ<br>ရုံးသုံးဘာသာစကား အနေဖြင့်<br>ဗမာနှင့် အင်္ဂလိပ် နှစ်ဘာသာအား<br>သတ်မှတ်ထားသည့်အပြင်<br>သက်ဆိုင်ရာ အဖွဲ့ဝင်<br>ပြည်နယ်များတွင်လည်း<br>မိမိတို့တိုင်းရင်းသားလူမျိုးများ၏<br>ဘာသာစကားများကို<br>အသုံးပြုခွင့်ပေးထားသည်။<br>၂) ပုဒ်မ (၁၉၅)အရ<br>ဌာနေတိုင်းရင်းသားတို့၏ |

| | | |
|---|---|---|
| | အာဏာများကို ကန့်သတ်ခံရခြင်း (ဥပမာ – သတင်းစာထုတ်ခွင့်၊ ရုပ်မြင်သံကြား ထူထောင်ခွင့်မရှိ)<br>• ပုဒ်မ (၉၈)အရ ကြွင်းကျန် အာဏာများကိုဗဟိုမှယူထားခြင်း။<br>• ပုဒ်မ (၉၉)အရ ပေးထားသည့် ဥပဒေပြုအာဏာများမရှိတော့ခြင်း<br>• ပုဒ်မ(၁၁၅) (၁၄၇) လိုအပ်မှသာ တိုင်းရင်းသား လူမျိုးများအရေး လွှတ်တော်ကော်မတီကို ကာလသတ်မှတ် ဖွဲ့စည်းခွင့်ရှိခြင်း၊<br><br>အခန်း(၅) အုပ်ချုပ်ရေး<br>• ပုဒ်မ(၂၀၂) (၂၃၂စ) လူမျိုးစုရေးရာဝန်ကြီး သို့မဟုတ် ပြည်နယ်ရေးရာ ဝန်ကြီး မထားခြင်း၊<br>• ပုဒ်မ(၂၂၅) (၂၂၆) (၂၄၈) ဗဟိုအစိုးရက ပြည်နယ်ရေးရာမှာ စွက်ဖက်ခွင့်ရှိခြင်း၊ ပြည်နယ်အစိုးရ များအနေဖြင့် ရာထားမတည်မြဲနိုင်ခြင်း၊<br>• ပုဒ်မ(၂၆၁၊ ဂ) ပြည်နယ်ဝန်ကြီးချုပ်ကို | မြေယာပိုင်ဆိုခွင့်ကို အာမခံပေးထား သည်။<br>၃) ပုဒ်မ (၅၄)အရ ပြည်နယ်ရဲ၊ လုံခြုံရေးနှင့် နယ်ခြားစောင့် တပ်ဖွဲ့များကို ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းခွင့်ရှိသည်၊<br>အထက်ပါ အကြောင်း အရာများကို သုံးသပ်ဆင် ခြင်ခြင်းဖြင့် တိုင်းရင်းသား လူမျိုး အသီးသီး၏ ဘာသာစကား၊ စာပေ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ များ လွတ်လပ်စွာ လုပ်ဆောင်ခွင့် ရှိခြင်း၊ တိုင်းရင်းသား လူမျိုး အသီးသီး၏ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ကိုအပြည့်အဝ အာမခံချက်ရှိခြင်း ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေအရ ပြည်ထောင်စုအစိုးရ၏ လက်အောက်ခံသာဖြစ်ခြင်း တို့ကြောင့် စစ်မှန်သောဖက်ဒရယ် ပြည်ထောင်စုစနစ်ကို အခြေခံ ထားကြောင်း ပေါ်လွှင်လှပေသည်၊ |

| | | |
|---|---|---|
| | (ပြည်နယ် အမတ်များထဲမှ)<br>သမတကရွေးချယ်ခန့်အပ်ခြင်း၊<br>◦ ပုဒ်မ(၂၆၂ဃ)<br>ပြည်နယ်ဝန်ကြီးချုပ်။<br>ပြည်နယ်ဝန်ကြီးများက<br>သမတကိုတာဝန်ခံရခြင်း၊<br>◦ ပုဒ်မ(၂၆၄ခ၁)<br>သမတက<br>ပြည်နယ်ဝန်ကြီးချုပ်ဝန်ကြီး<br>များကို ထုတ်နိုင်ခြင်း၊<br>◦ ပုဒ်မ(၂၆၀) (၂၈၃)<br>ထွေအုပ်ဦးစီးမှူးများမှာ<br>ပြည်နယ် အစိုးရအဖွဲ့၊<br>ကိုယ်ပိုင်<br>အုပ်ချုပ်ရေးဦးစီးအဖွဲ့<br>အတွင်းရေးမှူးဖြစ်ခြင်း၊<br>◦ (၂၇၆)အရ<br>ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရသေသ<br>ဦးစီးအဖွဲ့များတွင်<br>တပ်မတော်သား (၂၅)<br>ရာခိုင်နှုန်းစီ ပါရှိခြင်း<br><br>အခန်း(၆) တရားစီရင်ရေး<br>◦ ပုဒ်မ(၃၀၈ခ)ပြည်နယ်<br>တရားသူကြီးချုပ်နဲ့<br>ပြည်နယ်တရား<br>သူကြီးများကို<br>သမတက ခန့်နိုင်ခြင်း၊<br>◦ ပုဒ်မ(၃၁၁ခ)<br>ပြည်နယ်တရားသူကြီးချုပ်<br>နဲ့ တရားသူကြီးများကို<br>သမတက | |

| | | |
|---|---|---|
| | စွဲချက်တင်ဖြုတ်ချနိုင်ခြင်း၊<br>အခန်း(၁၅) အထွေထွေ<br>ပြဋ္ဌာန်းချက်များ<br>ပုဒ်မ(၂၂)။ (၃၅၄)<br>(၃၆၅)(၄၅၀)<br>ဗမာစာကို ရုံးသုံး<br>စာသတ်မှတ်ခြင်း။<br>အခြားမည်သည့်<br>ဘာသာကိုမျှ<br>ရုံးသုံးဘာသာစာအဖြစ်<br>ခွင့်ပြုမပေးထားခြင်း<br>အထက်ပါအကြောင်းကိစ္စများကို<br>သုံးသပ်ဆင်ခြင်ခြင်းဖြင့်<br>တိုင်းရင်းသား လူမျိုး<br>အသီးသီး၏ ဘာသာစကား၊<br>စာပေယဉ်ကျေးမှုနှင့်<br>ရိုးရာဓလေ့များ<br>လွတ်လပ်စွာလုပ်ခြင်း<br>ခွင့်မရှိခြင်း၊ ကိုယ်ပိုင်<br>ပြဋ္ဌာန်းခွင့် အပြည့်အဝ<br>အာမခံချက် လုံးဝ မရှိခြင်း၊<br>ဗဟိုအစိုးရ၏ အုပ်စီးခံများ<br>ဖြစ်နေကြောင်း နအဖ၏<br>ဖွဲ့စည်းပုံသည် အာဏာ<br>ကိုဗဟိုမှ တင်းကြပ်စွာ<br>ချုပ်ကိုင်လွှန်းသည့်<br>တစ်ပြည်ထောင်စနစ်ကို<br>အခြေခံထား ကြောင်း<br>ပေါ်လွှန်လှပေသည်၊ | |
| ၅) နိုင်ငံတော်ဖွဲ့စည်း<br>တည်ဆောက်ပုံ | ၁) အခန်း (၁) ပုဒ်မ(၈)၊<br>(၉)နှင့်<br>(၁၃)အရလည်းကောင်း၊ | ၁) အခန်း(၁)ပုဒ်မ(၁)၊ (၂)၊ (၄၈)နှင့်<br>ပုဒ်မ (၄၉)အရ<br>(၁၀)ပြည်နယ်မူဖြင့်ပြည်နယ် |

| | | |
|---|---|---|
| | အခန်း(၂) ပုဒ်မ (၄၉)၊ (၅၁)<br>အရ တိုင်း (၇)တိုင်း၊<br>ပြည်နယ် (၇) ပြည်နယ်ဖြင့်<br>၁၉၇၄ ခုနှစ်ကဲ့သို့<br>နိုင်ငံတော်ကို ဖွဲ့စည်း<br>ထားပြီး အဆင့်တူ<br>သတ်မှတ်သဖြင့်<br>တန်းတူညီမျှမှုကို<br>ထိခိုက်နိုင်သည်။<br>အထူးသဖြင့်<br>အခန်း(၅)ပုဒ်မ (၂၄၉) မှ<br>(၂၅၉)ပါ ပြဋ္ဌာန်းချက်<br>များအရ ဇယား(၂) တွင်<br>ဖော်ပြထားသည့်လုပ်ပိုင်ခွင့်များမှာ<br>မရှိတော့ခြင်း၊ အထက်မှ<br>အောက်သို့ အာဏာ<br>ဒေါင်လိုက် စီးဆင်းနေခြင်း၊<br>ပုဒ်မ (၁၉၉) (၂၂၅)၊ (၂၂၆)<br>(၂၄၈) (၂၆၁)မှ (၂၇၃)ပါ<br>ပြဋ္ဌာန်းချက်များအရ<br>အုပ်ချုပ်ရေးကိစ္စများတွင်<br>ဗဟိုမှ ဝင်ရောက် စွက်ဖက်<br>နိုင်ခြင်း၊ အခန်း(၁၁)<br>ပုဒ်မ(၄၁၁)၊ အရေးပေါ်<br>အခြေအနေ၌ ပြည်နယ်၏<br>အုပ်ချုပ်ရေးအား ဝင်ရောက်<br>စွက်ဖက်နိုင်ခြင်းတို့ကြောင့်<br>အတုအယောင်<br>ပြည်ထောင်စုသာဖြစ်<br>လေသည်။<br>၂) ပုဒ်မ (၅၆)အရ<br>ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ | များဖြင့်သာဖွဲ့စည်းထားခြင်း၊<br>ပုဒ်မ(၅၀)အရ အဖွဲ့ဝင်<br>ပြည်နယ်များကို သီးသန့် ဖွဲ့စည်းပုံ<br>ရေးဆွဲခွင့် ပြုထားခြင်း၊ ပြည်နယ်<br>အားလုံး အဆင့်တူ ပေးထားသဖြင့်<br>တန်းတူရေး ကိုဖော်<br>ဆောင်နိုင်သည်။<br>၂) ပုဒ်မ (၅၁)၊ (၅၂)၊ (၅၉)၊ (၁၀၈)<br>နှင့် (၁၀၉)အရ ပြည်နယ်များ၏<br>အခွင့် အာဏာများကို တိကျစွာ<br>ပြဋ္ဌာန်းထားခြင်း၊ ပုဒ်မ(၁၀၄) မှ<br>(၁၀၇)ထိပြည်ထောင်စုနှင့်<br>ထပ်တူပြုနိုင်သည့်<br>အခွင့်အာဏာများကို တိကျစွာ<br>ခွဲဝေပြဋ္ဌာန်းထား သဖြင့်<br>ပြည်ထောင်စု စစ် စစ်ဖြစ်စေသည်။<br>အာဏာ ခွဲဝေမှုအရ ပြည်ထောင်စု<br>အစိုးရ လွှန်ကဲစွာ ထိန်းချုပ်မှု<br>အောက်မှ ကင်းလွတ်ခွင့်ရသည်။<br>၃) မည်သည့် အရေးပေါ်<br>အခြေအနေတွင် ပြည်ထောင်စု<br>အစိုးရမှ ပြည်နယ်အုပ်ချုပ်ရေး<br>ကိစ္စများတွင် ဝင်ရောက်<br>စွက်ဖက်ပိုင်ခွင့်မရှိပေ။<br>၄) ပုဒ်မ(၅၃)၊ (၅၅)နှင့် (၅၆) အရ<br>ပြည်နယ်သစ်များဖွဲ့စည်းရန်<br>တောင်းဆိုခွင့်နှင့် ဖွဲ့စည်းခွင့်များကို<br>ပေးထားသည်။ |

| | | |
|---|---|---|
| | (၆)ခုကို ဖွဲ့စည်းထားသော်<br>လည်း ဇယား (၃)ပါ ဖော်ပြ<br>ချက်များမှာမည်သည့်လုပ်ပိုင်ခွင့်<br>အာဏာများမှမရှိသည့်<br>အပြင် အခန်း(၁၁)ပုဒ်မ<br>(၄၁၈) အရ အရေးပေါ်<br>အခြေအနေတွင်<br>အုပ်ချုပ်ရေးကိစ္စများကိုဝင်ရောက်<br>စွက်ဖက်ခြင်း ပြုနိုင်သဖြင့်<br>ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ<br>ဒေသများ ဖွဲ့စည်းထားခြင်း<br>မှာလည်း အနှစ်သာရ<br>မရှိပေ။<br>၃) ပြည်နယ်သစ်များ<br>ဖွဲ့စည်းရန် တောင်းဆိုခွင့်နှင့်<br>ဖွဲ့စည်းခွင့်များကို<br>လုံးဝပိတ်ပင်ထားသည်။<br>၄) အခန်း(၄၊ ၅၊ ၆၊ ၇၊<br>၈)အရ ပြည်နယ်များ၏<br>ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ<br>ဥပဒေကို ပြည်ထောင်စု<br>ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ<br>ဥပဒေအတွင်း ထည့်သွင်း<br>ရေးဆွဲထားသဖြင့် အဖွဲ့ဝင်<br>ပြည်နယ်များ၏ ကိုယ်ပိုင်ပြ<br>ဋ္ဌာန်းခွင့်ကိုအာမခံသော သီး<br>သန့်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ<br>ဥပဒေရေးဆွဲဖော်ပြခွင့်မရှိခြင်း | |
| ၅) အစိုးရဖွဲ့စည်းပုံနှင့်<br>၄င်းတို့၏အုပ်ချုပ်ရေး<br>အာဏာများ | ၁) အခန်း(၁)ပုဒ်မ(၁၆)အရ<br>လည်းကောင်း၊ အခန်း(၃)နှင့်<br>အခန်း(၅)အရလည်းကောင်း<br>ဗမာပြည်အခြေအနေနှင့် | ၁)အခန်း(၆)ပြဋ္ဌာန်းထားချက်<br>အရသမတသည်နိုင်ငံတော်<br>အကြီးအကဲ(ဝ)နိုင်ငံဦးသျှောင်<br>သာဖြစ်သည်။ သင့်တော် |

| | | |
|---|---|---|
| | လုံး၀ ကိုက်ညီခြင်းမရှိသည့်<br>သမတစနစ်ဖြင့် ဖွဲ့စည်းထား<br>သည်။ သမတသည် နိုင်ငံ<br>တော်အကြီးအကဲဖြစ်သကဲ့သို့<br>အစိုးရ အကြီးအကဲလည်း<br>ဖြစ်သည်။ ပုဒ်မ(၇)ပါ နိုင်ငံ<br>ရေးစနစ်နှင့်လည်းမကိုက်ညီပေ၊<br>ဗမာပြည်လူ့အဖွဲ့အစည်းအခြေ<br>အနေနှင့်လည်းမကိုက်ညီပေ၊<br>၂) သမတအား ရွေးချယ်<br>တင်မြောက်ရာတွင် အခန်း<br>(၃) ပုဒ်မ (၆၀)အရ အထက်<br>လွှတ်တော်မှ ဒုသမတ<br>လောင်းတစ်ဦး၊ အောက်<br>လွှတ်တော်မှတစ်ဦးနှင့်<br>စစ်သားတစ်မတ်သားမှ<br>တစ်ဦး၊ ပေါင်း(၃)ဦးထဲမှ<br>ရွေးချယ်ရမည်ဖြစ်ရာ<br>သမတလုပ်သူသည် ပုဒ်မ<br>(၅၉)အရ စစ်ရေးအမြင်<br>ရှိရမည်ဟု ဖော်ပြထားခြင်း<br>ဖြင့် သမတသည် အရပ်<br>သားမဖြစ်နိုင်ပေ။<br>၃) အခန်း(၂)ပုဒ်မ(၅၂)၊<br>(၅၃)၊(၅၄)အရ ပြည်နယ်<br>များကိစ္စအား လည်းကောင်း<br>အခန်း (၄)ပုဒ်မ(၁၀၃)မှ<br>(၁၀၈)ထိ ပြဋ္ဌာန်းထား<br>ချက်များအရ ဘဏ္ဍာရေး<br>ဆိုင်ရာကိစ္စများတွင် ဝင်<br>ရောက် စွက်ဖက်နိုင်ခြင်း၊<br>တပ်မတော်သားများက | သည့်လုပ်ပိုင်ခွင့် အာဏာမှ<br>အပပေးထားသောအာဏာ<br>ထက်ပို၍ကျော်လွန် သုံးစွဲခွင့်<br>မရှိပေ။<br>၂)အခန်း(၇)ပြဋ္ဌာန်းချက်များ အရ<br>ဝန်ကြီးချုပ်သည် နိုင်ငံတော်<br>အစိုးရဖြစ်သည်။ ပုဒ်မ(၁၂၆)အရ<br>အယုံအကြည် မရှိပါက<br>ဝန်ကြီးချုပ်အား ပြည်ထောင်စု<br>လွှတ်တော်မှ မဲခွဲ၍<br>ဖြုတ်ချနိုင်သည်။<br>၃) ပြည်ထောင်စု အစိုးရ<br>ဝန်ထမ်းများ ခန့်အပ်ရာ<br>တွင်လည်း လွှတ်တော်၊<br>နိုင်ငံတော်အစိုးရနှင့်<br>နိုင်ငံဦးသျှောင်တို့ပေါင်း၍<br>ခန့်အပ်မည်ဖြစ်ပြီး (၁၁၇)၊<br>(၁၂၆)နှင့် (၁၃၈)၊ ထင်ရှား သည့်<br>ပြစ်မကျူးလွန်မှသာ လွှတ်တော်၊<br>တရားရုံးများမှ ဖြုတ်ချနိုင်သည်။<br>၄) အခန်း(၄၊ ၇၊ ၈)အရ အထက်ပါ<br>ကိစ္စများ အပါ အဝင် နိုင်ငံတော်၏<br>အချုပ်အခြာ အာဏာသုံးရပ်ကို<br>ခွဲခြားထားပြီး အပြန်အလှန်<br>ထိန်းကြောင်းသည့်စနစ်ကို<br>ကျင့်သုံးထားသည်ကိုတွေ့ရသည်။ |

| | | |
|---|---|---|
| | အဓိကကျခြင်း၊ အခန်း(၅) ပါ ပြဋ္ဌာန်းချက်များအရ အစိုးရများ ကို ခန့်အပ်ခြင်း၊ ဖြုတ်ချခြင်းများ ပြုလုပ်နိုင်ခြင်း၊ တာဝန်ပေးအပ်နိုင်ခြင်း၊တာဝန်မှ ရုတ်သိမ်းနိုင်ခြင်း<br>၄) ပုဒ်မ(၂၆၂)အရ ပြည်နယ်ဝန်ကြီးများ ခန့်အပ်ရာအတွက်လည်း ဗဟိုမှချုပ်ကိုင်ထားသဖြင့် တိုင်း (သို့) ပြည်နယ် အုပ်ချုပ်ရေးကို ဝင်ရောက်စွက်ဖက်နိုင်ခြင်း<br>၅) အခန်း(၆)ပုဒ်မ (၂၉၉)နှင့် (၃၀၂) အရ တရားသူကြီးများကို ခန့်နိုင်ဖြုတ်နိုင်ခြင်း၊<br>အခန်း(၁၁) အရေးပေါ်အခြေအနေတွင် လုပ်ပိုင်ခွင့် အာဏာ အလွှန်အကျွံပေးထားခြင်း၊ ပို၍ စိုးဝါးသည်မှာ ပုဒ်မ(၄၃၂)အရ သမတလုပ်သမျှကို အရေးယူ အပြစ်ပေးနိုင်စွမ်းမရှိခြင်း တို့ကြောင့် တပြည်ထောင် စနစ်ဖြစ်ကြောင်းပေါ်လွှန်စေသည်၊<br>၆) အချုပ်အခြာအာဏာ သုံးရပ်လုံးတွင် ဝင်ရောက်စွက်ဖက်ပိုင်ခွင့် | |

| | | |
|---|---|---|
| | ရှိနေသည်ကို တွေ့ရသည်။<br>၇) ပုဒ်မ (၅၈)အရ<br>နိုင်ငံတော် သမတသည်<br>အချုပ်အခြာ အလုံးစုံ<br>ကိုပိုင်ဆိုင်သည်။ ဖွဲ့စည်း<br>အုပ်ချုပ်ပုံ အခြေခံ<br>ဥပဒထက်တွင်ရှိ<br>နေသည်။<br>၈) ပုဒ်မ (၂၀၁)အရ<br>အမျိုးသား ကော်ရေးနှင့်<br>လုံခြုံရေးကောင်စီသည်<br>နိုင်ငံတော်၏ အုပ်ချုပ်ရေး၊<br>ဥပဒေပြုရေးနှင့် တိုင်း(သို့)<br>ပြည်နယ်များ၏<br>အုပ်ချုပ်ရေးကိစ္စများတွင်<br>အမြင့်ဆုံး အာဏာ<br>ရှိပြန်ပါသည်၊ | |

| ၅)ဥပဒေပြုလွှတ်တော်<br>ဖွဲ့စည်းခြင်း | **အမျိုးသား<br>လွှတ်တော်** | **ပြည်သူ့လွှတ်တော်** | **အမျိုးသား<br>လွှတ်တော်** | **ပြည်သူ့လွှတ်တော်** |
|---|---|---|---|---|
| | အခန်း(၄)ပုဒ်မ<br>(၇၄)နှင့်(၁၄၁)<br>ပါ ပြဋ္ဌါန်းချက်<br>များအရ<br>တိုင်း<br>ဒေသကြီးနှင့်<br>ပြည်နယ်များမှ<br>ကိုယ်စားလှယ်<br>(၁၂)ဦးကျစီ<br>စေလွှတ်ရာတွင်<br>အရပ်သား<br>ကိုယ်စားလှယ် | အခန်း(၄)ပုဒ်မ<br>(၇၄) နှင့် (၁၀၉)<br>အရ ပြဋ္ဌါန်းချက်<br>များအရလွှတ်တော်<br>အမတ်ပေါင်း<br>(၄၄၀) ရှိရာတွင်<br>အရပ်သား (၃၃၀)<br>ဦးဖြင့် ဖွဲ့စည်းထား<br>သည်။စစ်တပ်မှ<br>(၁၁၀)ဦးပါဝင်သည်။ | အခန်း(၄)<br>ပုဒ်မ (၇၁)<br>အရပြည်နယ်<br>တခုစီမှ<br>ကိုယ်စားလှယ်<br>(၆)ဦးကျ<br>အချိုးညီ<br>စေလွှတ်သည်၊ | အခန်း(၄) ပုဒ်မ<br>(၈၂)၊ (၈၃) အရ<br>မဲဆန္ဒနယ်<br>သတ်မှတ်မှုပေါ်တွင်<br>သာ မူတည်သဖြင့်<br>လွှတ်တော်အမတ်<br>ဦးရေသတ်မှတ်<br>မထားပေ။<br>ဒီမိုကရေစီနည်းကျ<br>ရွေးကောက်<br>တင်မြှောက်<br>ရမည်ဖြစ်သည်။ |

| | | | | |
|---|---|---|---|---|
| | ၁၆၅နှင့် စစ်တပ်မှ ၅၆ဦး ပေါင်း (၂၂၄)ဦးရှိ သည်။ | | | |
| | ပုဒ်မ (၁၀၉)နှင့်(၁၄၁)ပါ ပြဋ္ဌာန်းချက်များအရ လွှတ်တော် နှစ်ရပ်လုံးတွင် တပ်မတော်သား ၂၅ ရာခိုင်နှုန်းသည် ဒီမိုကရေစီ နည်းလမ်းကျ မဟုတ်ဘဲ ကာကွယ်ရေး စစ်ဦးစီးချုပ်မှ ရွေးကောက်တင်မြှောက်မည်ဟု ဖော်ပြထားသည်။<br>ပုဒ်မ (၁၃)အရ တိုင်း (သို့) ပြည်နယ်များတွင် လွှတ်တော် တစ်ရပ်စီထားရှိကြောင်း ဖော်ပြ ထားသည်သာမက ပုဒ်မ (၁၆၁) အရ ပြည်ထောင်စုလွှတ်တော် တခုတည်းတွင် သာမက တိုင်း (သို့) ပြည်နယ် လွှတ်တော်များ တွင်လည်း တပ်မတော်သား ၂၅ ရာခိုင်နှုန်းပါဝင်လွှမ်းမိုးထားလေသည် | | အခန်း(၂)ပုဒ်မ (၃၇)ဖော်ပြ ချက်အရ အမျိုးသမီး (၃၀)ရာခိုင်နှုန်း သည်ပင် ရွေးကောက်ပွဲ အားဖြတ်သန်း ရမည်ဖြစ် သည်။ စစ် တပ်မှကိုယ် စားလှယ် များမပါပေ။ သက်ဆိုင် ရာပြည် နယ်မှသ ဘောတူရွေး ကောက်တင် မြှောက်ခြင်းခံသူ များသာ ဖြစ် နိုင်သည်။ | |
| ၆) မဲပေးဆုံးဖြတ်ခြင်း | အခန်း(၄)ပုဒ်မ(၈၅)၊ (၈၆)၊ (၉၅)၊ (၁၀၅) အရလည်းကောင်း၊ ပုဒ်မ (၁၃၉)၊(၁၅၉) အရလည်းကောင်း၊<br>၁) လွှတ်တော်နှစ်ရပ်ပေါင်း မဲပေး ရသည်။ ယင်းစနစ်မျိုးသည် | | အခန်း (၄)ပုဒ်မ(၆၄)၊ (၇၈)၊ (၉၀)၊ (၁၀၇)၊<br>၁) လွှတ်တော် တစ်ရပ်ခြင်း စီတွင် မဲခွဲပေးသည်။<br>၂) ပြည်နယ်များ၏ အခွင့် အရေးကို အာမခံပေးထား | |

| | | |
|---|---|---|
| | ကမ္ဘာပေါ်တွင်မရှိပေ။<br>၂) ပြည်နယ်များ၏အခွင့်အရေး လုံးဝ မရှိကြောင်း တွေ့ရသည်။ လွှတ်တော် နှစ်ရပ်ပေါင်း မဲခွဲပါက လွှတ်တော်တရပ် စနစ်သာနှင့် ထူးမခြားနားပေ။<br>၃)အများစုမဲဖြင့်နိုင်သည်ဆိုသည့် အတွက် အထက်လွှတ်တော် အတွက် အခွင့်အရေးမရှိပေ။<br>၄) အတည်ပြုရန် အခြားသော ဥပဒေများလည်းပြဋ္ဌာန်းနိုင် သဖြင့် ရှုပ်ထွေးလှသည်၊ တန်းတူ ညီမျှမှုကို လုံးဝ ဖော်ဆောင်နိုင် မည်မဟုတ်ကြောင်းတွေ့ရသည်။ | သည်။<br>၃)လွှတ်တော်နှစ်ရပ်တန်းတူ ထားသဖြင့် တန်းတူရေးကို ဖော်ဆောင်နိုင်သည်။ |
| ၇) ဥပဒေပြုရေး ကိစ္စရပ် | ၁) အခန်း(၄)ပုဒ်မ(၉၆)အရ ဇယား(၁)တွင် ပြည်ထောင်စု ဥပဒေပြုအာဏာနှင့် ပတ်သက်၍ ကဏ္ဍကြီး (၁၁)ခုဖော်ပြထားချက်မှာ များပြားလွန်းလှသည်။၂) ပုဒ်မ (၉၇)မှ(၉၉)ထိပြဋ္ဌာန်းချက်များမှာ တိုင်းဒေသကြီး (သို့) ပြည်နယ် (သို့) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများ၏ နောက်ဆက်တွဲ ဇယားပါ ဇယား(၂)နှင့် (၃)တို့၏ လုပ်ပိုင်ခွင့်ကို ဝင်ရောက်စွက်ဖက် ၍ ရနိုင်သည့်အခြေအနေအား ဖန်တီးပေးထားပြန်သည်။<br>၃) ပုဒ်မ (၉၈)ဖော်ပြချက်အရ လည်း ဗဟိုမှ ကြွင်းကျန်အာဏာအား | ၁) ပြည်ထောင်စု ဥပဒေပြု အာဏာကိုလေ့လာကြည့်မည် ဆိုလျှင် အခန်း(၅)ပုဒ်မ (၁၀၃) အရ ကဏ္ဍပေါင်း (၁၀)ခုဖြင့် တိတိကျကျ ဖော်ပြထားခြင်းမှာ မှန်ကန် သင့်လျော်သည့်အာဏာ များဖြစ်ကြောင်းတွေ့နိုင်သည်။<br>၂) အခန်း(၁)ပုဒ်မ(၆)အရ လည်းကောင်း၊ ပုဒ်မ (၁၀၈) အရ ပြည်နယ်များ၏ ဥပဒေပြု အာဏာကို တိတိကျကျဖော်ပြထား သည့်အပြင် ပုဒ်မ(၁၀၄) အရ ပြည်ထောင်စုနှင့် ပြည်နယ်များနှစ်ဦးနှစ်ဘက် ကျင့်သုံးနိုင်သည့် အာဏာ (ဝါ) ထပ်တူပြုအာဏာပါ |

| | | |
|---|---|---|
| | ယူထားပြန်သည်။<br>၄) ပုဒ်မ (၉၅)အရ အချက်အလက်များမှာ အထက်လွှတ်တော်၌ အာဏာမရှိပေ။ သို့ဖြစ်၍ တိုင်းဒေသကြီးပင်သော်လည်းကောင်း၊ ပြည်နယ်သည် သော်လည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသပင်လျှင်လည်းကောင်း ဗဟိုအစိုးရ၏ အုပ်စီးခံဖြစ်သွားပေသည်။<br>၅) နအဖတို့၏ ဖွဲ့စည်းပုံတွင် ထပ်တူပြုအာဏာမပါရှိပေ။<br>၆) ဥပဒေပြုရာ၌ ပြဿနာဖြစ်လျှင် မည်သည့်နေရာတွင် ဖြေရှင်းရမည်ကို ဖော်ပြမထားပေ။<br>၇) ခြုံငုံသုံးသပ်ခြင်းဖြင့် တပြည်ထောင်စနစ်ဖြစ်ကြောင်း တွေ့ရှိရသည်။ | ပေးထားသည်။<br>၃) အထူးသဖြင့် ပုဒ်မ(၁၀၈)အရဖက်ဒရယ်ပြည်ထောင်စုစစ်စစ်မှု အတိုင်း ကြွင်းကျန်အာဏာကို အဖွဲ့ဝင်ပြည်နယ်များသို့ ပေးအပ်ထားပေသည်၊<br>၄) ဥပဒေပြုရာ၌ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများပြဿနာဖြစ်လျှင် ပုဒ်မ (၁၀၅)မှ (၁၀၈)ထိ လည်းကောင်း၊ ပုဒ်(၁၀၉)အရလည်းကောင်း မည်သို့ မည်ပုံဖြေရှင်းကြရမည်ကို ရှင်းလင်းစွာ ဖော်ပြထားသည်။<br>၅) ခြုံငုံသုံးသပ်ခြင်းဖြင့် ပြည်ထောင်စုစစ်စစ်ဖြစ်ကြောင်း တွေ့ရသည်။ |
| ၈) တရားစီရင်ရေး မဏ္ဍိုင် | ၁) အခန်း (၆) ပုဒ်မ၊ (၂၉၃)နှင့် (၃၁၉) အရ စစ်ခုံရုံးဖြင့် တရားစီရင်ခြင်းကို ခွင့်ပြုထားသည်။<br>၂) ပုဒ်မ(၂၉၄)အရအမြင့်ဆုံးတရားရုံးမှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ဖြစ်ပြီး ပုဒ်မ (၂၉၄) နှင့် (၃၄၃) အရ တပ်မတော်သားနှင့်အရပ်သားများဖြစ်သည့် ပြဿနာတွင် တရားစီရင်ခွင့်အာဏာမရှိပေ။<br>၃) ပုဒ်မ (၂၉၉)၊ (၃၁၁)၊ (၃၂၇) ပုဒ်မ(၃၀၂)(၃၄၄) အရ | ၁) ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ တရားရုံးများ ဖွဲ့စည်းထူထောင်ရာတွင် စစ်ခုံရုံးများကိုလုံးဝ ထူထောင်ခွင့် မရှိပေ။ နိုင်ငံတော်အရေးပေါ်ကာလ အချိန်ပင်လျှင်ပုဒ်မ(၁၇၄)အရ အထူးခုံရုံးများဖွဲ့စည်းခြင်း၊ စစ်ခုံရုံးများဖြင့်တရားစီရင်ရေးကိုခွင့်မပြုပေ။<br>၂) ပုဒ်မ(၁၃၄)အရ ဖွဲ့စည်းပုံ အခြေခံဥပဒေတရားရုံး |

| | | |
|---|---|---|
| | တရားသူကြီးများ၏ ရာထူးနှင့်<br>သက်တမ်းမှာ မတည်မြဲနိုင်ပေ။<br>အကြောင်းမှာ နိုင်ငံတော်အစိုးရမှ<br>ခန့်အပ်ခြင်းနှင့် အချိန်မရွေး<br>ဖြုတ်ချနိုင်ခြင်းကြောင့် ဖြစ်သည်။<br>ထို့အပြင် နိုင်ငံတော် အစိုးရမှ<br>အရေးယူခိုင်းလျှင် ငြင်း၍မရနိုင်<br>သည့် ပြဋ္ဌာန်းချက်များပါရှိသဖြင့်<br>လွတ်လပ်သည့် တရားစီရင်ရေး<br>မဖြစ်နိုင်ပေ။<br>၄) (၁၀၈)(၁၁၁) အရလည်း တိုင်း<br>(သို့)ပြည်နယ်တရား သူကြီးများ<br>ကို ပြည်တောင်စု သမတနှင့်<br>ပြည်နယ်တရားသူကြီးများဖြင့်<br>ညှိနှိုင်းခန့်အပ်ခြင်းများ ပြုနိုင်<br>သဖြင့် တရားစီရင်ရေးမဏ္ဍိုင်မှာ<br>တည်မြဲမှုမရှိနိုင်ပေ။<br>၅) ပုဒ်မ (၁၂၀)အရ နိုင်ငံတော်<br>ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ<br>ဆိုင်ရာခုံရုံးကို ထူထောင်ထား<br>သော်လည်း ပုဒ်မ (၁၂၂)၊ (၁၂၃)<br>တို့အရ လုပ်ပိုင်ခွင့်များမှာ ပုဒ်မ<br>(၁၂၅)အရ မည်သည့်အာဏာမျှ<br>မရှိဖြစ်သွားလေသည်၊<br>၆) ပုဒ်မ(၁၉)၊ (၄၄၆)၊ (၄၄၇) တို့<br>အရ လက်ရှိမတရားသဖြင့် အုပ်<br>ချုပ်နေသော လက်ရှိတည်ဆဲ ဥပ<br>ဒေများသည်လည်းသဖြင့် ဆက်<br>လက် တည်ရှိနေမည် ဖြစ်သဖြင့်<br>တရားဥပဒေစိုးမိုးရေး နှင့် လွတ်<br>လပ်ပြီး တရားမျှတသည့် တရား<br>စီရင်ရေး မဏ္ဍိုင် မဖြစ်နိုင်ပေ။ | ထားရှိသည့်အပြင် တရား<br>စီရင်ခွင့် အာဏာကိုလည်း<br>တိတိကျကျ သတ်မှတ်<br>ပြဋ္ဌာန်းထားသည်။ ဖွဲ့စည်းပုံ<br>အခြေခံဥပဒေဆိုင်ရာ တရား<br>ရုံးသည် ဖွဲ့စည်းပုံ အခြေခံ<br>ဥပဒေနှင့် သက်ဆိုင်သော<br>ကိစ္စရပ်များကို အထူး ဖြေရှင်း<br>ရန်ထားရှိသည်။<br>၃) ပုဒ်မ(၁၃၅)အရ<br>အမြင့်ဆုံးတရားရုံးသည်<br>ဖယ်ဒရယ်ပြည်ထောင်စု<br>တရားလွှတ်တော်ချုပ် ဖြစ်ပြီး<br>ယင်းစီရင်ပိုင်ခွင့် အာဏာ<br>ကိုလည်း ပုဒ်မ (၄၆)<br>(၁၀၃)(၁၄၀)ဖြင့် တိတိ<br>ကျကျပြဋ္ဌာန်းထားသည်။<br>၄) တရားသူကြီးများ<br>ခန့်အပ်ရာတွင်လည်း<br>လွတ်လပ်မရှိသည့်အပြင်ပုဒ်မ<br>(၁၄၂)အရ လည်းကောင်း၊<br>ပြည်ထောင်စုအစိုးရမှ<br>ဝင်ရောက်စွက်ဖက်ခြင်း<br>မပြုနိုင်ရန်နှင့် ပုဒ်မ (၁၄၅)<br>အရ တရားသူကြီးတို့ တရား<br>စီရင်ရေးလွတ်လပ်ခွင့်၊ နေရာ<br>တည်မြဲခွင့်တို့ကိုအာမခံ<br>ထားလေသည်။ ထို့အပြင်<br>ပုဒ်မ(၅)အရ လည်းကောင်း၊<br>တရားသူကြီး များ အဂတိ<br>တရားမလိုက် စားနိုင်ရေး<br>အတွက် အပြန် အလှန် |

| | | |
|---|---|---|
| | | ထိန်းညှိသည့် သဘောကိုဆောင်ထားသည်။<br>၅) ပုဒ်မ (၁၃၂)အရ လွတ်လပ်၍ တရားမျှတသောတရားစီရင်ရေးကို အာမခံထားသည့် အပြင် ပုဒ်မ(၁၃၃)အရတရားသူကြီးများသည် မည်သူ့ကိုမျှ တာဝန်ခံစရာမလိုဘဲ တရားဥပဒေကိုသာတာဝန်ခံရသဖြင့် လွတ်လပ်သည့်တရားစီရင်ရေး သဘောဆောင်သည်။<br>၆) ပုဒ်မ(၅၁)အရ အဖွဲ့ဝင်ပြည်နယ်တွင်လည်းတရားရုံးများကို လွတ်လပ်စွာ တည်ထောင် ပိုင်ခွင့်ရှိပေသည်။ |
| ၉) အရေးပေါ် အခြေအနေ | ၁) အခန်း(၁၁)ပုဒ်မ (၄၁၀)မှ (၄၁၂)နှင့် (၄၁၇)တို့အရ သမတနှင့် နိုင်ငံတော်လုံခြုံရေးကောင်စီအား အရေးပေါ် ကြေညာခွင့်ပေးထားသည်၊<br>၂) ပုဒ်မ(၄၁၂)၊ (၄၁၇)အရ ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ အရေးပေါ်အခြေ အနေကို ကြေညာနိုင်လေသည်။ ပြည်ပအန္တရာယ်နှင့် သဘာဝဘေး အန္တရာယ်ကိစ္စများမပါ။ ၎င်းတို့ အခွင့်အရေးအတွက်သာ ရေးဆွဲထား။<br>၃) ပုဒ်မ (၄၁၇)၊ (၄၂၁)နှင့် (၄၂၅) အရ အရေးပေါ် သက်တမ်းကို | ၁) အခန်း(၁၁) ပုဒ်မ(၁၆၉) အရ ပြည်ပ အန္တရာယ်၊ ပြည်တွင်းအေးချမ်းမှုကိုလုံးဝထိခိုက်သည့် အခြေအနေ၊ သဘာဝဘေးအန္တရာယ် ကျရောက်ခြင်းကိစ္စများ၌သာ အရေးပေါ်ကြေညာနိုင်သည်ဟု တိကျစွာ ပြဋ္ဌာန်းထားသည်။<br>၂) ပုဒ်မ(၁၇၁)ဖြင့်အရေးပေါ် ကြေညာသည့် သက်တမ်း ကာလများကိုလည်းအကြောင်းချင်းရာနှင့်လျော်ညီစွာ အတိအကျ ခွဲခြား၍ သတ်မှတ်ထားသည်။<br>၃) ပုဒ်မ(၁၆၂)၊ (၁၇၀)အရ |

| | | |
|---|---|---|
| | အနည်းဆုံး (၂)နှစ်ထိ သတ်မှတ်ထား လေသည်။<br>၄) ပုဒ်မ(၃၄၁)၊ (၄၁၃)၊ (၄၁၈)၊ (၄၁၉)အရ အရေးပေါ်ကာလတွင် စစ်တပ်အား အာဏာသိမ်းခွင့် ဖွဲ့စည်းပုံအရ တရားဝင်ပေးထားသည်။<br>၅) အရေးပေါ်အခြေအနေ ကြေညာ သင့်၊ မသင့်အားစီစစ်ခြင်း၊ ဆုံးဖြတ်ခြင်း၊ ဖျက်သိမ်းခြင်း အာဏာသည် လွှတ်တော်၌ရှိပေ။<br>၆) ပုဒ်မ(၄၁၀)နှင့်(၄၁၁)အရတိုင်း (သို့)ပြည်နယ်များ၏အုပ်ချုပ်ရေးကို ဝင်ရောက်စွက်ဖက်ပိုင်ခွင့် ရှိနေသဖြင့် တိုင်း(သို့)ပြည်နယ်များ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အကြီးအကျယ်ထိခိုက်ပေသည်။<br>၇) ပုဒ်မ(၄၂၇)အရ အရေးပေါ်ကာလ အတွင်း အထူးစစ်ခုံရုံးများဖြင့် တရားစီရင်ရေးကို ခွင့်ပြုထားပြီး ပုဒ်မ(၄၃၂) အရ အရေးပေါ်ကာလအတွင်း အစိုးရ (သို့) စစ်တပ်လုပ်သမျှအား အရေးမယူနိုင်ပေ။<br>၈) အခန်း(၁၁)ပါ ပြဋ္ဌာန်းချက်များသည် အရေးပေါ်ကာလတွင် သမတနှင့် ကာကွယ်ရေးဦးစီးချုပ်တို့ အားပေးထားသည့် အာဏာများမှာ တိုင်းပြည်၏ အာဏာအား မတရားသဖြင့် သိမ်းပိုက်ခွင့်ပြုထားခြင်းဖြစ်ကြောင်း သုံးသပ်နိုင်သည်။ | ကြေညာခွင့်နှင့် လုပ်ပိုင်ခွင့် အားအစိုးရသို့အပ်နှင်း မထားပေ။ နိုင်ငံတော် ဦးသျှောင်ထံတွင်သာအပ်နှင်းထားသည်။<br>၄) ပုဒ်မ(၁၇၂)အရ အရေးပေါ်ကာလ ကြေညာခွင့်၊ လုပ်ပိုင်ခွင့်တို့ကိုလည်း ကန့်သတ်ထားသည်။<br>၅) ပုဒ်မ(၁၇၀)၊ (၁၇၃)အရ ကြေငြာချက်ကို အတည်ပြု၊ မပြုနှင့် ဖျက်သိမ်းခွင့် အာဏာအားပြည်ထောင်စု လွှတ်တော်နှင့်ဖွဲ့စည်းပုံဆိုင်ရာ တရားရုံးသို့အပ်နှင်းထားပေသည်။<br>၆) ပုဒ်မ(၁၇၅)အရ ယင်းကာလအတွင်း ပြည်သူလူထု၏ အခွင့်အရေးကို အာမခံပေးထားသည်။<br>၇) ပုဒ်မ(၁၇၄)အရ အရေးပေါ်ကာလတွင်း စစ်ခုံရုံးများကို ခွင့်မပြုဘဲ တရားရုံးနှင့် တရားသူကြီးများအား စီရင်ခွင့် အာဏာပေးထားလေသည်။ ပုဒ်မ(၁၇၂) အရ အရေးပေါ် ကာလအတွင်းလက်နက်ကိုင်တပ်များအသုံးပြုခြင်းကိုလည်း ကန့်သတ်ထားသဖြင့် ဒီမိုကရေစီနှင့်လူ့အခွင့်အရေးကိုအာမခံချက်ပေးထားသည်။ |

| | | |
|---|---|---|
| ၁၀) လက်နက်ကိုင် တပ်ကိစ္စ | ၁) အခန်း(၁)ပုဒ်မ(၆)အရ တပ်မတော်ကနိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိနေသည်။<br>၂) အခန်း(၇)ပုဒ်မ(၃၃၇)မှ (၃၃၉) ပြဋ္ဌာန်းချက်များအရ တပ်မတော်သည်တခုတည်းသောတပ်မတော်မှအပ အခြားမည်သည့် လက်နက်ကိုင် တပ်မှုခွင့်မပြုပေ။<br>၃) ပုဒ်မ (၄၁၂)၊ ပုဒ်မ(၃၄၁)၊ (၄၁၃)၊ (၄၁၈)၊ (၄၁၉)အရ အရေးပေါ် ကာလတွင် စစ်တပ်အား အာဏာသိမ်းခွင့် ဖွဲ့စည်းပုံအရ တရားဝင်ပေးထားသည့်အပြင် ပုဒ်မ(၄၁၇)အရလည်း ချိန်ကာလအားဖြင့် အနည်းဆုံး (၂)နှစ်အထိ စစ်အုပ်ချုပ်ရေးဖြင့် တိုင်းပြည်အား အုပ်ချုပ်ရန် ခွင့်ပြုထားလေသည်။<br>၄) ပုဒ်မ (၂၀)နှင့် (၃၄၃)အရ တပ်မတော်အရေးအား မည်သူမျှ ဝင်ရောက် စွက်ဖက်ပိုင်ခွင့် မရှိပေ။<br>တပ်မတော်ရေးရာကိစ္စများနှင့် ပတ်သက်သမျှအားလုံးကို တပ်မတော်ကသာ လုပ်ဆောင်သွားရန် လမ်းညွှန်ထားပေသည်။ | ၁) အခန်း(၁၀) ပုဒ်မ(၁၅၆) ပြဋ္ဌာန်းချက်အရနိုင်ငံတော်အား ကာကွယ်ရန်အတွက်သာ ဖြစ်ပြီး ပုဒ်မ(၁၅၇)၊ (၁၅၈) အရ တပ်မတော်၏ ကိစ္စရပ်များအားလုံးအတွက် ပြည်ထောင်စုလွှတ်တော်မှ စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများကိုပြဋ္ဌာန်းရသည်။<br>၂) ပုဒ်မ(၁၅၉) ပြဋ္ဌာန်းချက် အရ ကာကွယ်ရေးဦးစီးချုပ် သည်ပင် အရပ်ဘက်မှ လာရမည်ဖြစ်ပြီး ပုဒ်မ(၁၆၀) အရ တပ်မတော်ကို အရပ်ဘက်မှအောက်တွင် ထားပြီး ပုဒ်မ (၁၆၄)အရ စစ်တက္ကသိုလ်ကျောင်းများ တွင် တပ်မတော်သားများကို ဒီမိုကရေစီနှင့်လူ့အခွင့်အရေး သဘောထားများ၊ အသိပညာပေးမှုများကိုပေးရမည်ဟု တိကျစွာပြဋ္ဌာန်းထားပေသည်။<br>၃) တပ်မတော်သားများ သည် နိုင်ငံ့ဝန်ထမ်းဖြစ်သည့် အတွက် နိုင်ငံရေးအရ သီးသန့်တောင်းဆိုချက်ကို လုံးဝခွင့်မပေးထားပေ။<br>၄) ပုဒ်မ (၅၄)အရ ပြည်နယ် တပ်ဖွဲ့များကို ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းခွင့်ရှိသည်၊ |
| ၁၁) ဖွဲ့စည်းပုံ အခြေခံ ဥပဒေအားပြင်ဆင်ခြင်း | ၁) အခန်း(၁၂)ပုဒ်မ(၄၃၆)အရ အရေးကြီးသော အစိတ်အပိုင်း | ၁) အခန်း(၁၄)ပုဒ်မ(၂၀၃) တွင် ဖွဲ့စည်းပုံ၏ အရေးကြီးသော |

| | | |
|---|---|---|
| | များကို ပြင်ဆင်မည်ဆိုပါက လွှတ်တော်၏၇၅ ရာခိုင်နှုန်းကျော် ထောက်ခံရမည်။ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပ၍ ၅၀ ရာခိုင်နှုန်းကျော် ထောက်ခံရမည် ဟုဆိုထားသည်။<br>၂) သာမန်ရိုးရိုးကိစ္စများဆိုပါက လွှတ်တော်နှစ်ရပ်ပေါင်း ၇၅ ရာခိုင်နှုန်း ကျော်ရမည်ဟုဆိုထားခြင်းမှာ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်ရန် လုံးဝမဖြစ် နိုင်ပေ။ အဘယ်ကြောင့်ဆိုသော်လွှတ်တော်တွင် ၂၅ ရာခိုင်နှုန်းသည် စစ်သားများဖြစ်ပြီး ၇၅ ရာခိုင်နှုန်းမှာ အရပ်ဘက်မှဖြစ်သည်။မဲခွဲရာတွင် ၇၅ ရာခိုင်နှုန်းကျော်ဟု ဆိုထားသဖြင့် စစ်ဘက်မှမထောက်ခံလျှင် လုံးဝလုပ်ဆောင်၍ မရသည့် အခြေအနေတွင်ရှိနေသည်။ စစ်ဆိုသည်မှာ အထက်မှအမိန့်ကို နာခံရသဖြင့် မဲပေးခြင်းကို ခွင့်မပြုပါက လွှတ်တော်တွင် စစ်သားတယောက်၏တန်းဖိုးသည် ၇၅ ရာခိုင်နှုန်းနှင့် သွားညီနေသည် ကိုတွေ့ရသည်။ နအဖ ဖွဲ့စည်းပုံကို ထောက်ခံ၍နောက်မှ တဖြည်းဖြည်း ပြောင်းလဲရန် မလွယ်ကူပေ။ ပြင်ဆင်ခွင့်ကို လုံးဝ ရာသက်ပန် ပိတ်ထားသည်ကိုတွေ့ရသည်။ ကမ္ဘာတဆုံး ပြည်သူတစ်ရပ်လုံးအား စစ်ကျွန်ပြုရန်ရည်ရွယ်ထားလေသည်။ | အစိတ်အပိုင်းများကို ပြင်ဆင်ရာတွင် ပြင်ဆင်သင့်၊ မသင့်ကို လူထုဆန္ဒခံယူရန် အတိအကျပြဌါန်းထားသည်။ အချုပ်အခြာအာဏာသည် ပြည်သူ့လက်ဝယ်တွင်ရှိသည် ဆိုသည့်အနှစ်သာရကို ပေါ်လွင်စေသည်။<br>၂) အရေးမကြီးသည့်အစိတ်အပိုင်းများကို ပြင်ဆင်ရာတွင်လည်း အဖွဲ့ဝင်ပြည်နယ်များ၏ ဆန္ဒကို ခံယူရန်ပြဌါန်းထားသည်။တိုင်းရင်းသားလူမျိုးများ၏ ကိုယ်ပိုင်ပြဌါန်းခွင့်ကို အသိအမှတ်ပြုစေသည်။<br>၃) ပုဒ်မ(၂၀၄)အရ ဖွဲ့စည်းပုံ၏ အရေးကြီးသော အစိတ်အပိုင်းများကိုပြင်ဆင်ပြီး အတည်ပြုရာတွင် ပြည်ထောင်စုလွှတ်တော် တရပ်ချင်းစီမှ ကိုယ်စားလှယ် သုံးပုံနှစ်ပုံ၊အဖွဲ့ဝင်ပြည်နယ် အားလုံး၏ သုံးပုံနှစ်ပုံ ထောက်ခံခြင်း၊ လူထုဆန္ဒခံယူရာတွင် ထောက်ခံမဲ ထက်ဝက်ကျော်မှသာလျှင် အတည်ပြုနိုင်သည်။<br>၄) အရေးမကြီးသော အစိတ်အပိုင်းများကို ပြင်ဆင်လျှင် ပြည်ထောင်စုလွှတ်တော် တရပ်ချင်းစီမှ ကိုယ်စားလှယ် သုံးပုံနှစ်ပုံ၊ |

| | | |
|---|---|---|
| | | အဖွဲ့ဝင်ပြည်နယ်အားလုံး၏ သုံးပုံနှစ်ပုံ သဘောတူမှသာ အတည်ဖြစ်သည်။ လူထု ဆန္ဒနှင့် ဆုံးဖြတ်ချက်အပေါ် မူတည်သည်။ အစိုးရမှ ပြင်ဆင်ခြင်တိုင်း ပြင်ဆင်ခွင့် မရှိပေ။ |
| ၁၂) နိုင်ငံတော်၏ အမြင့်ဆုံး ဥပဒေ၊ | ၁) အခန်း (၁၅)၊ ပုဒ်မ(၄၄၉)အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေသည် နိုင်ငံတော်၏ အမြင့်ဆုံး ဥပဒေဖြစ်သည် ဟုမသုံးထားဘဲ ဥပဒေအားလုံး၏ အခြေခံ ဖြစ်သည်ဟု ဆိုသည့်အတွက် အမြင့်ဆုံးမှာ မည်သည့်အရာ ဖြစ်သည်ကိုစဉ်းစားဖွယ်ရာ ပင်ဖြစ်သည်။၂) ပုဒ်မ (၅၈)အရ နိုင်ငံတော် သမတသည် အချုပ်အခြာ အလုံးစုံကို ပိုင်ဆိုင်သည်။<br>ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒ ထက်တွင်ရှိနေသည်။<br>၃) ပုဒ်မ (၂၀)ပြဋ္ဌာန်း ချက် များအရ ဖွဲ့စည်းပုံအထက်တွင် တပ်မတော်ရှိနေပေသည်၊ | ၁) အခန်း(၁) ပုဒ်မ(၁၀)အရ ဖွဲ့စည်းပုံ အခြေခံဥပဒေသည် နိုင်ငံတော်၏ အမြင့်ဆုံး ဖြစ်သည်။ ယင်းဥပဒေထက် တွင် မည်သူမျှမရှိရပေ။ ဖွဲ့စည်းပုံတွင်ပြဋ္ဌာန်းထားချက် များအတိုင်း အားလုံးက လိုက်နာကြရမည်ဖြစ်သည်၊<br>၂) ပုဒ်မ (၄၇)အရ ပြည်သူလူထုမှ မိမိတို့ စိတ်ကြိုက်ရေးဆွဲထားသော ဖွဲ့စည်းပုံနှင့်ပြည်ထောင်စုကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသည်။ အချုပ် အခြာအာဏာသည် ပြည်သူလူထုလက် ထဲတွင်ရှိပေသည်။ |
| ၁၃) ရုံးသုံး ဘာသာစကား | ၁) အခန်း(၁၅)ပုဒ်မ(၄၅၀)၊(၄၅၂) နှင့် (၄၅၃)အရရုံးသုံးစာအနေဖြင့် ဗမာစာတခုတည်းကိုသာ ခွင့်ပြု ထားသည်။ မည်သည့် ဘာသာ စကား စာပေမျှခွင့်ပြုမထားပေ။<br>၂) ပြဿနာဖြစ်ပေါ်လာပါက ဗမာစာဖြင့်သာ ဖြေရှင်းရမည် ဟုဖော်ပြထားသည်။ | ၁) အခန်း (၁၂)၊ ပုဒ်မ (၁၈၃) အရ ပြည်ထောင်စုတဝန်းလုံး အတွက် ဗမာနှင့် အင်္ဂလိပ် နှစ်ခုလုံးကို ခွင့်ပြုထားသည်။ ထို့မျှမက ပြည်နယ်အသီးသီး တွင်လည်း ဗမာ၊ အင်္ဂလိပ် အပါအဝင် အဖွဲ့ဝင်ပြည်နယ်၏ စာပေကိုလည်း ရုံးသုံးစာ |

| | | |
|---|---|---|
| | | အဖြစ် အသုံးပြုနိုင်ကြောင်း ခွင့်ပေးထားသည်။ |
| ၁၄) နိုင်ငံတကာ စာချုပ်စာတမ်းများ နှင့် ပတ်သတ်၍ | ၁) မည်သို့မျှပြော ထားခြင်းမရှိပေ။ | ၁) အခန်း(၁၃)ပုဒ်မ (၂၀၀) တွင် ပြန်လည်စစ်ဆေးခြင်း၊ လက်ခံခြင်း၊ ပယ်ဖျက်ခြင်းများ ပြုလုပ်ရမည်ကို ဖော်ပြ ထားသည်။ |
| ၁၅) တည်ဆဲ ဥပဒေများ | အခန်း(၁၂)၊ ပုဒ်မ(၄၄၆)၊(၄၄၇)အရ ဒီမိုကရေစီနှင့်တိုင်းရင်းသား အင်အားစုများမှ ရေးဆွဲထားသော အခန်း(၁၃)၊ ပုဒ်မ (၁၉၇)နှင့် ဆင်တူသော်လည်း ဖွဲ့စည်းပုံတစ်ခုလုံး၏ မူဝါဒ၊ အနှစ်သာရ၊ သဘောထားများကိုသုံးသပ်လျှင် နအဖမှပြဋ္ဌာန်းထားသော နာဂစ်ဖွဲ့စည်းပုံဖြင့် အုပ်ချုပ်လျှင် မတရားသည့် ဥပဒေများ ဆက်လက်တည်ရှိစေနိုင်ပြီး၊ ဒီမိုကရေစီနှင့် တိုင်းရင်းသား အင်အားစုမှရေးဆွဲပြဋ္ဌာန်းသော ဖွဲ့စည်းပုံ၏ဆိုလိုရင်းမှာ လက်ရှိ နအဖအစိုးရတို့ မတရားသဖြင့် ပြဋ္ဌာန်းထားသော တရားမျှတမှု မရှိသောတည်ဆဲဥပဒေများကို ပယ်ဖျက်စေနိုင်သည်။ | |
| ၁၆) ဘာသာရေးနှင့် နိုင်ငံရေး | ၁) အခန်း(၈)၊ ပုဒ်မ(၃၆၁) အရ ဘာသာရေးကိုအခြေခံကြောင်း ပြဋ္ဌာန်းထားရာ မသင့်တော် ကြောင်းကို တွေ့ရသည်။ | ၁) အခန်း(၁)၊ ပုဒ်မ(၇)တွင် ဘာသာရေးကို အခြေမခံရန် နိုင်ငံတော်၏ မူတစ်ရပ် အနေဖြင့် ချမှတ်ထားသည်။ |
| ၁၇) အသွင်ကူး ပြောင်းရေးကာလ | ၁) အခန်း(၁၄)ပုဒ်မ(၄၄၃)နှင့် (၄၄၅) အသွင်ကူးပြောင်းရေး ကာလ ပြဋ္ဌာန်းချက်အရ အစိုးရ အား အရေးယူအပြစ်ပေးခြင်း မပြုခြင်း၊၎င်းတို့ကျူးလွန်သမျှ ပြစ်မှုများကို ကျေအေးရခြင်းနှင့် ၎င်းတို့ဘာသာ လွတ်ငြိမ်းချမ်း သာခွင့်ပေးထားခြင်းမှာ တရား ဥပဒေစိုးမိုးရေးနှင့်ဆန့်ကျင် | ၁) နိုင်ငံရေးအရ ဆုံးဖြတ်ချက် ဖြစ်သဖြင့် အသွင်ကူးပြောင်း ရေးကာလ အာဏာပိုင်နှင့် လုပ်ဆောင်ချက်များအား ပြောမထားပေ။ ပြည်သူလူထု သဘောထားများနှင့်နိုင်ငံရေး ပါတီ များ၏ သဘောထား ဆုံးဖြတ်ချက် အရသာ ဖော်ဆောင်သွားရန်ဖြစ်သည်၊ |

| | | |
|---|---|---|
| | နေသည်ကိုတွေ့ရသည်။ | ၂) အသွင်ကူးပြောင်းရေး ကာလတွင် လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များကိုသာ အဓိကထားပြဌါန်းထားသည်။ |

နိဂုံးချုပ်တင်ပြချက်။

တိုင်းရင်းသား ပြည်သူများခင်ဗျား

နအဖ၏ ၂၀၀၈ ခုနှစ် နာဂစ်ဖွဲ့စည်းပုံအခြေခံဥပဒေသည် တိုင်းရင်းသား လူမျိုးစုံပြည်သူ တရပ်လုံးအပေါ် အစဉ်သဖြင့် တရားဝင် ကျွန်ပြုနိုင်ငံရေးကို ဦးတည်နေကြောင်းပေါ်လွင်နေပြီး၊ ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားအင်အားစုများ ရေးဆွဲထားသည့် ဖက်ဒရယ် ပြည်ထောင်စုသမတမြန်မာနိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေ (ဒုတိယမူကြမ်း)သည် ငြိမ်းချမ်း သာယာဝပြောမည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ဦးတည်သွားမည်ဖြစ်ကြောင်း အထင်အရှားတွေ့ရှိမည်ဖြစ်ပေသည်။ သို့ဖြစ်ပါ၍ တိုင်းရင်းသားလူမျိုးပေါင်းစုံ ပြည်သူတရပ်လုံးသည် အမျိုးသားရေးတာဝန်တရပ်အနေဖြင့် တဖက်တွင် ပြည်သူကို ကျွန်ပြုမည့် နအဖ၏ ၂၀၀၈ ခုနှစ်နာဂစ်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ရလဒ်များကို အပြီးအပြတ် တိုက်ဖျက်ရင်း တဖက်တွင် စစ်မှန်သောဒီမိုကရေစီ ဖယ်ဒရယ်ပြည်ထောင်စု သမတမြန်မာနိုင်ငံတည်ဆောက်ရေး အောင်မြင်သည်အထိ ဆက်လက်၍ တက်ညီလက်ညီတိုက်ပွဲဝင် သွားကြပါစို့ဟု တိုက်တွန်းတင်ပြရပေသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ
နှိုင်းယှဉ်လေ့လာရေးကော်မတီ